


VOLUME I, ISSUE 37 11 April 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ် | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ဩစတြေးလျနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ | ၂ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား | ၃ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား | ၆ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သိန်းနီစော်ဘွားကြီး၏ ဟော်နန်းတော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး | ၁၀ |
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး | ၁၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇ | တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၅) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ | ၁၆ |
| ၈ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်ရှိ တပ်မတော်ဆေးရုံနှင့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ လိုက်လံကြည့်ရှုစစ်ဆေး | ၂၂ |
| ၉ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ပိုး၊ ကျိုင်းခမ်း၊ မိုင်းပျဉ်းနှင့် တောင်ကြီး တပ်နယ်များသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား | ၂၅ |
| ၁၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံ စက်ရုံ(နောင်တရား)ဖွင့်ပွဲအခမ်းအနားသို့တက်ရောက် | ၂၈ |
| ၁၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြား | ၃၁ |
| ၁၂ | ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ | ၃၃ |
| ၁၃ | ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေး | ၃၄ |
| ၁၄ | အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တွေ့ဆုံဆွေးနွေး | ၃၉ |
| ၁၅ | Virtual အစီအစဉ်ဖြင့်ကျင်းပသည့် (၂၆)ကြိမ်မြောက်အာဆီယံဘဏ္ဍာရေး ဝန်ကြီးများနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ | ၄၀ |
| ၁၆ | PDF အကြမ်းဖက်သမားများက မြို့နယ်အချို့၌ ပညာရေးအဆောက်အဦများ၊ ဆေးရုံနှင့် အုပ်ချုပ်ရေးမှူးရုံးတို့အား မိုင်းထောင်ဖောက်ခွဲခြင်းများပြုလုပ် | ၄၁ |
| ၁၇ | ကလေးဝမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းအား နင်းမိပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံး | ၄၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈ | နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်ဖောက်ခွဲမှုများ ဆောင်ရွက်လျက်ရှိသည့်တရားခံများအား လက်နက်/ခဲယမ်း များနှင့်အတူ ဖမ်းဆီးရမိ | ၄၄ |
| ၁၉ | PDF အကြမ်းဖက်သမားများက ကျေးရွာအတွင်းရှိ ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီး၍ မိဘမဲ့ဂေဟာမှ စေတနာ့ဝန်ထမ်း ဆရာမတစ်ဦးအား သေနတ်ဖြင့်ရက်စက်စွာ ပစ်ခတ်သတ်ဖြတ် | ၄၈ |
| ၂၀ | တန့်ဆည်မြို့နယ်၊ ရေဦး-တန့်ဆည်ကားလမ်းပေါ်၌ ခရီးသွားပြည်သူများအား ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည့် ကျန်းမာရေးဝန်ထမ်း များအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက် | ၅၁ |
| ၂၁ | မြို့နယ်အချို့၌ အစ္စလာမ်ဘာသာဝင်များ၏ ရာမဒန်လမြတ်ကာလတွင် ဥပုသ်ဝင်ရောက်ကြသူများအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်လှူဒါန်း | ၅၂ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Vinay Kumar သည် ဧပြီလ ၆ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ညွှန့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်ခဲ့ပါသည်။

တွေ့ဆုံပွဲ၌ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုတွင် ကောင်းမွန်သည့်သမိုင်းကြောင်းရှိခဲ့သည့်အခြေအနေနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေနှင့် မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပြီး အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ ဒုတိယသံရုံးအကြီးအကဲသံမှူးကြီးနှင့် စစ်သံမှူးတို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၄-၂၀၂၂)**

- **ဧပြီလ ၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ သံအမတ်ကြီး H.E. Mr. Vinay Kumar က မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးခန့်အပ်ရန် ၎င်း၏ခန့်အပ်လွှာပေးအပ်ခဲ့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ဩစတြေးလျနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Ms. Andrea Marie Faulkner အား ဧပြီလ ၆ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင်-

- နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို ကဏ္ဍပေါင်းစုံ၌ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ။
- မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH ၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်စီးစေရန် အပြစ်မဲ့ပြည်သူများနှင့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားနိုင်ငံ့ဝန်ထမ်းများအပေါ် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိသည့်အခြေအနေများ။
- အကြမ်းဖက်ကိစ္စရပ်များတွင် ပါဝင်ပတ်သက်သူများ၊ အားပေးအားမြှောက်ပြုလုပ်သူများကို ဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်သွားမည့်အခြေအနေများ။
- မြန်မာနိုင်ငံသို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်လာရောက်ခဲ့မှုကို ဩစတြေးလျနိုင်ငံအနေဖြင့် ဝမ်းမြောက်ကြိုဆိုပြီး မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြုသဘောဆောင်သည့်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည့်အခြေအနေများ။
- မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ်အပေါ် ဆောင်ရွက်နိုင်သည်မှန်သမျှကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာစံနှုန်းများအတိုင်းသာ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေး၍ရနိုင်သည်မှန်သမျှကို တွေ့ဆုံဆွေးနွေးနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ။
- မြန်မာနိုင်ငံရှိ ပြည်သူများအတွက် အာဆီယံအသင်း၏ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးဌာန AHA Centre မှတစ်ဆင့် အကူအညီများပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင်လည်းမြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသူများနှင့် ပဋိပက္ခကြောင့် ထိခိုက်ခဲ့ရသူများရှိပြီး အစိုးရကိုကူညီမှုနှင့် ပြည်သူကိုကူညီမှုကို ကွဲပြားစွာ သိမြင်စေလိုသည့်အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ တက်ရောက်ကြပြီး ဩစတြေးလျနိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံစစ်သံမှူးနှင့် သံရုံးဒုတိယအတွင်းဝန်တို့ တက်ရောက်ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၄-၂၀၂၂)**

- တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံသို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် လာရောက်ခဲ့မှုကို ဩစတြေးလျနိုင်ငံအနေဖြင့် ဝမ်းမြောက်ကြိုဆိုပြီး မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြုသဘောဆောင်သည့်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ်အပေါ် ဆောင်ရွက်နိုင်သည့်မှန်သမျှကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာစံနှုန်းများအတိုင်းသာ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် တွေ့ဆုံဆွေးနွေးမှုများအတွက် ဆောင်ရွက်ပေးနိုင်သမျှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံရှိ ပြည်သူများအတွက် AHA Centre မှတစ်ဆင့် အကူအညီများပေးရာတွင် အစိုးရကိုကူညီမှုနှင့် ပြည်သူကိုကူညီမှုကို ကွဲပြားစွာ သိမြင်စေလိုသည့်အခြေအနေများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧပြီလ ၉ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား လားရှိုးမြို့ရှိ မြို့နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားရာတွင်-

- မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးအား နေ့စဉ် ယာဉ်ကြီးယာဉ်ငယ် များစွာသွားလာအသုံးပြုလျက်ရှိပြီး နိုင်ငံတကာစံညွှန်းများနှင့်အညီ သတ်မှတ်ကာလအလိုက် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။
- လားရှိုးမြို့နယ်အတွင်းရှိ ရေအရင်းအမြစ်များကိုအသုံးချ၍ သုံးရေရရှိနိုင်ရေး ဦးစွာဆောင်ရွက်ပြီး သောက်ရေအတွက် ပြန်လည်သန့်စင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဂုတ်တွင်းတံတား တည်ဆောက်ပေးစေလိုမှုနှင့် ပတ်သက်၍လည်း တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။
- ၂၀၁၉ ခုနှစ်တွင် တွက်ချက်ခဲ့သည့် ကြားဖြတ်သန်းခေါင်စာရင်းအချက်အလက်များအရ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များ များစွာရှိနေသည်ကို တွေ့ရှိရကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရှမ်းပြည်နယ်(မြောက်ပိုင်း) အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲဥက္ကဋ္ဌနှင့် လားရှိုးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်**

- အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်း အမီလိုက်နိုင်ရေးအတွက် ပညာရေးကို မဖြစ်မနေအားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် စာပေပညာသင်ကြား ပေးနေခြင်းသည် အစိုးရအတွက်မဟုတ်ဘဲ အစိုးရက နိုင်ငံတော်အတွက် ကိုယ်စားဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။
- ပညာရေးကဏ္ဍ၌ သင်ရိုးညွှန်းတမ်းများကို အစိုးရက ပြဋ္ဌာန်းခြင်းမဟုတ်ဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများက ဆွေးနွေးညှိနှိုင်းတိုင်ပင်ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်သည်ကို သိရှိနားလည်ရန် လိုကြောင်း။
- ယခုဆောင်ရွက်နေသည်မှာလည်း ယခင်အစိုးရအဆက်ဆက်က ကျင့်သုံးခဲ့သည့် နှစ် ၃၀ ပညာရည်မြင့်တင်မှုစီမံကိန်းပင်ဖြစ်ရာ ပညာသင်ကြားရေးသည် နိုင်ငံသားအားလုံး၏ရပိုင်ခွင့်နှင့် တာဝန်သာဖြစ်ပြီး အုပ်ချုပ်သူအစိုးရကို သဘောကျခြင်း၊ မကျခြင်းနှင့် မသက်ဆိုင်သည်ကို နားလည်သဘောပေါက်ရန်လိုအပ်ကြောင်း။
- ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် သံရိုင်း၊ ကျောက်မီးသွေး၊ ထုံးကျောက်သယံဇာတများ များစွာရှိသည့်အတွက် စီးပွားရေးလုပ်ငန်းရှင်ဒေသခံများအနေဖြင့် သံမဏိလုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်းများလုပ်ဆောင်ရန် စိတ်ဝင်စားမှုရှိပါက လုပ်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။
- ရှမ်းပြည်နယ်တွင် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်မည့် အရင်းအမြစ်များစွာရှိရာ လျှပ်စစ်စွမ်းအားထုတ်ယူနိုင်ရေးအတွက် စဉ်းစားလုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် ရှမ်းပြည်နယ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းများ လုပ်ဆောင်လျက်ရှိပြီး ပြီးစီးပါက လျှပ်စစ်မီးဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း။
- မြေသယံဇာတများစွာရှိပြီးဖြစ်သည့်အတွက် သယံဇာတများကို အကျိုးရှိရှိအသုံးချနိုင်ရေးတိုက်တွန်းလိုအပ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်လုပ်ဆောင်ကြစေလိုကြောင်း။
- မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့သည့်ကာလအတွင်း လူ့အသက်ထက် အရေးကြီးသည်မှာ မည်သည့်အရာမှမရှိဟုခံယူလျက် ကျန်းမာရေးဝန်ထမ်းအခက်အခဲ၊ ကာကွယ်ကုသထိန်းချုပ်ရေး ဆေးဝါးများ၊ ပစ္စည်းများစသည့် အခက်အခဲပေါင်းစုံကြားမှ ကြံ့ကြံ့ခံဆောင်ရွက်ခဲ့ရပြီး ပြည်သူတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရန်နှင့် ကာကွယ်ဆေးထိုးနှံမှုများကို မဖြစ်ဖြစ်သည့်နည်းလမ်းများဖြင့် လုပ်ဆောင်ပေးခဲ့ပြီး ပညာရေးပိုင်းနောက်ကျခဲ့မှုမရှိရအောင်လည်း အခက်အခဲများကြားမှ ကျောင်းများကို ပြန်လည်ဖွင့်လှစ်၍ စာပေသင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ခဲ့ကြောင်း။
- ကာကွယ်ဆေးထိုးနှံမှု ရာနှုန်းပြည့် ပြီးစီးစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများသာမက အခြားဌာနဆိုင်ရာ ဝန်








**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအတွက် လက်ဆောင်ပစ္စည်းများကိုပေးအပ်နေမှု**

ထမ်းများ၊ ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှတာဝန်ရှိသူများ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၄-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား လားရှိုးမြို့ရှိ မြို့နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားခဲ့။**
- **မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးအား နေ့စဉ်ယာဉ်ကြီးယာဉ်ငယ်များစွာ သွားလာအသုံးပြုလျက်ရှိပြီး နိုင်ငံတကာစံညွှန်းများနှင့်အညီ သတ်မှတ်ကာလအလိုက်အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်။**
- **ပညာရေးကဏ္ဍ၌ သင်ရိုးညွှန်းတမ်းများကို အစိုးရက ပြဋ္ဌာန်းခြင်းမဟုတ်ဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများက ဆွေးနွေးညှိနှိုင်းတိုင်ပင်ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်သည်ကို သိရှိနားလည်ရန်လို။**
- **ယခုဆောင်ရွက်နေသည်မှာလည်း ယခင်အစိုးရအဆက်ဆက်က ကျင့်သုံးခဲ့သည့် နှစ် ၃၀ ပညာရည်မြှင့်တင်မှု စီမံကိန်းပင်ဖြစ်ရာ ပညာသင်ကြားရေးသည် နိုင်ငံသားအားလုံး၏ရပိုင်ခွင့်နှင့် တာဝန်သာဖြစ်ပြီး အုပ်ချုပ်သူအစိုးရကို သဘောကျခြင်း၊ မကျခြင်းနှင့် မသက်ဆိုင်သည်ကို နားလည်သဘောပေါက်ရန်လို။**
- **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရန်နှင့် ကာကွယ်ဆေးထိုးနှံမှုများကို မဖြစ်ဖြစ်သည့်နည်းလမ်းများဖြင့် လုပ်ဆောင်ပေးခဲ့ပြီး ပညာရေးပိုင်းနောက်ကျခဲ့မှုမရှိရအောင်လည်း အခက်အခဲများကြားမှ ကျောင်းများကို ပြန်လည်ဖွင့်လှစ်၍ စာပေသင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ခဲ့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧပြီလ ၈ ရက်တွင် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားရာတွင်-

- ယခုနှစ်သည် မိမိတို့နိုင်ငံ၏ စိန်ရတုပြည်ထောင်စုနှစ်ဖြစ်ပြီး လာမည့်နှစ်တွင် စိန်ရတုလွတ်လပ်ရေးနှစ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ စိန်ရတုကာလသို့ ရောက်ရှိပြီဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ရှိနေဆဲဖြစ်ပြီး ငြိမ်းချမ်းမှု အပြည့်အဝမရရှိသေးသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း။
- လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကတည်းက လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဟူ၍ ကြွေးကြော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။
- လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်)ကို ကျင့်သုံးခဲ့ပြီး ယင်းဥပဒေသည် ပြည်သူလူထုတစ်ရပ်လုံးမဲပေးအတည်ပြုခဲ့သည့် ဥပဒေမဟုတ်ဘဲ တိုင်းပြုပြည်ပြုလွှတ်တော်က အချို့သောပညာရှင်များ၏ အကြံဉာဏ်များရယူကာ ရေးဆွဲအတည်ပြုခဲ့သည့် ဥပဒေဖြစ်ကြောင်း။
- ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ ဖဆပလအစိုးရက အုပ်ချုပ်ခဲ့ကြောင်း၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီး ကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှု၊ အယူဝါဒကွဲပြားမှုများကြောင့် ၁၉၄၈ ခုနှစ် မတ်လတွင် ကွန်မြူနစ်ပါတီ တောခိုခဲ့ပြီးနောက် KNDO ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့ကြောင်း။
- ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင်သန့်ရှင်း ဖဆပလ အနိုင်ရခဲ့သော်လည်း ပါတီတွင်း ထပ်မံကွဲပြားမှုများရှိခဲ့ပြီး နိုင်ငံရေးအရှုပ်အထွေးများ များစွာဖြစ်ပေါ်ရှုပ်ထွေးခဲ့ကြောင်း၊ ထိုသို့ရှုပ်ထွေးနေစဉ် ၁၉၄၇ အခြေခံဥပဒေတွင် ထည့်သွင်းခဲ့ရသည့် ၁၀ နှစ်ကြာလျှင် ခွဲထွက်ခွင့်ရှိသည်ဟူသည့်အချက်ကိုကိုင်စွဲ၍ ပြည်ထောင်စုမှ ခွဲထွက်ရေးကို တောင်းဆိုမှုများရှိလာခဲ့ကြောင်း။
- ထို့ကြောင့် တပ်မတော်က ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့ကို ဦးတည်၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ၎င်းကဲ့သို့ ဆောင်ရွက်ရခြင်းမှာလည်း မိမိတို့ကိုယ်ကျိုးစီးပွားအတွက်မဟုတ်ဘဲ နိုင်ငံတော်နှင့် အများသူငှာကောင်းစားရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည်ကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။
- ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့က အုပ်ချုပ်ဆောင်ရွက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၁၉၇၄ ခုနှစ်)ကို အတည်ပြုခဲ့ကြောင်း၊ ယင်းဥပဒေအား မူကြမ်း ၃ ကြိမ်အထိ ရေးဆွဲ၍





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်နေမှု**

ပြည်သူလူထုထံသို့ ချပြပြီးမှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်ကာအတည်ပြုခဲ့ခြင်းဖြစ်ပြီး ဆိုရှယ်လစ်နိုင်ငံကို တရားဝင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း။

- ဆိုရှယ်လစ်စနစ်တွင် အားနည်းချက်များရှိသကဲ့သို့ အားသာချက်များလည်းရှိသဖြင့် သမိုင်းကိုသိရှိအောင် လေ့လာ၍သုံးသပ်ကြစေလိုပြီး နိုင်ငံတကာဖြစ်စဉ်များ၊ မိမိနိုင်ငံ၏ဖြစ်စဉ်များကို ချိန်ထိုးနှိုင်းယှဉ်သုံးသပ်ကြရန် တိုက်တွန်းလိုကြောင်း။
- လက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းရန် ကာကွယ်ရေးဘတ်ဂျက်များစွာသုံးစွဲခဲ့ရပြီး တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်မှုအားနည်းခဲ့ကြောင်း။
- ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရ တက်လာခဲ့ပြီး ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သွားနိုင်ရေး တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှ အစုအဖွဲ့များပါဝင်သော အမျိုးသားညီလာခံ၌ အခြေအတင်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း။
- ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ သွားနိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ကို ပုံဖော်ရာတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို မြေတောင်မြှောက်ပေးခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံရေးအရနှင့် စီးပွားရေးအရ သဘောထားကွဲလွဲမှုများ မည်သို့ပင်ရှိစေကာမူ တပ်မတော်အနေဖြင့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မရရအောင် ဖော်ဆောင်ခဲ့ကြောင်း။
- တပ်မတော်သည် ပြည်သူကြားမှ ပေါက်ဖွားလာသည့် တိုင်းပြည်နှင့် ပြည်သူ၏ အစိတ်အပိုင်းသာဖြစ်သဖြင့် ပြည်သူတို့လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာအောင် လျှောက်လှမ်းနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း။
- ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မရိုးမသားသည့် နည်းလမ်းများဖြင့် အနိုင်ရရှိရေးဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိသဖြင့် တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။
- တပ်မတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်ရေးကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေပြီး ယခင်ကဖြစ်ပေါ်ခဲ့သည့် အာဃာတများမဖြစ်ပေါ်စေရေးကို သင်ခန်းစာယူကာ နာကြည်းချက်များကို သားစဉ်မြေးဆက်မပါစေရေးအတွက် သည်းခံစိတ်မွေး၍ သွေးထွက်သံယိုမှုအနည်းဆုံးဖြင့် ထိန်းသိမ်းနေခြင်းဖြစ်ကြောင်း။
- တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းခိုင်မာရေးကိုသာ အဓိကဆောင်ရွက်လျက်ရှိပြီး စစ်မှန်စည်း





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လားရှိုးမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုစစ်ဆေးနေမှု**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ လားရှိုးမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား လက်ဆောင်ပစ္စည်းများပေးအပ်နေမှု**

ကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

- ဒီမိုကရေစီတွင် ရွေးကောက်ပွဲသည်အဓိကကျပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲစာရင်းသည် သန်းခေါင်စာရင်းကိုအခြေခံပြီး ကောက်ခံရခြင်းဖြစ်ကာ ခေတ်အဆက်ဆက်တွင်လည်း ကျင့်သုံးခဲ့ခြင်းဖြစ်ကြောင်း။
- ဒီမိုကရေစီစနစ်ကို လက်တွေ့ကျင့်သုံး အောင်မြင်စေရန် နိုင်ငံသားတို့၏ အသိပညာရေချိန် မြင့်မားရန်လိုပြီး အသိပညာမြင့်မားစေရေးအတွက် မိမိကိုယ်တိုင် စာပေလေ့လာမှုသာမက မိမိတို့၏ သားသမီးများကိုလည်း စာပေ၊ ဗဟုသုတမြင့်မားအောင် ဆောင်ရွက်ပေးရန်လိုကြောင်း။
- ပညာရေးနှင့် ပတ်သက်၍ ဖတ်ရှု၊ မှတ်သား၊ လေ့လာပြီး အသိပညာမြင့်မားအောင် ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှသာလျှင် ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်၏ အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား နှစ်သစ်ကူးဆုမွန်ကောင်းစကားပြောကြားခဲ့ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြပြီးနောက် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၄-၂၀၂၂)**

- စိန်ရတုကာလသို့ ရောက်ရှိပြီဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ရှိနေဆဲဖြစ်ပြီး ငြိမ်းချမ်းမှုအပြည့်အဝမရရှိသေးသည်ကိုတွေ့ရှိရမည်ဖြစ်။
- လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲပြီး ကျင့်သုံးခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်)သည် ပြည်သူလူထုတစ်ရပ်လုံးမဲပေးအတည်ပြုခဲ့သည့် ဥပဒေ မဟုတ်ဘဲ တိုင်းပြုပြည်ပြုလွှတ်တော်က အချို့သောပညာရှင်များ၏ အကြံဉာဏ်များရယူကာ ရေးဆွဲအတည် ပြုခဲ့သည့်ဥပဒေဖြစ်။
- ၁၉၇၄ ခုနှစ်တွင်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၁၉၇၄ ခုနှစ်)ကို မူကြမ်း ၃ ကြိမ် အထိရေးဆွဲ၍ ပြည်သူလူထုထံသို့ချပြပြီးမှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်ကာ အတည်ပြုခဲ့ခြင်းဖြစ်ပြီး ဆိုရှယ်လစ်နိုင်ငံကို တရားဝင်တည်ထောင်ခဲ့ခြင်းဖြစ်။
- ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရတက်လာခဲ့ပြီး ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီ စနစ်သွားနိုင်ရေး တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှ အစုအဖွဲ့များပါဝင်သော အမျိုးသားညီလာခံ၌ အခြေအတင်ဆွေးနွေးကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည် ပြုနိုင်ခဲ့။
- တပ်မတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်ရေးကိုဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်း သိမ်းဆောင်ရွက်နေပြီး ယခင်ကဖြစ်ပေါ်ခဲ့သည့် အာဃာတများမဖြစ်ပေါ်စေရေးကို သင်ခန်းစာယူကာ နာကြည်းချက်များကို သားစဉ်မြေးဆက်မပါစေရေးအတွက် သည်းခံစိတ်မွေး၍ သွေးထွက်သံယိုမှု အနည်းဆုံး ဖြင့် ထိန်းသိမ်းနေခြင်းဖြစ်။
- တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းခိုင်မာရေးကိုသာ အဓိကဆောင်ရွက်လျက်ရှိပြီး စစ်မှန် စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ။
- ပညာရေးနှင့် ပတ်သက်၍ ဖတ်ရှု၊ မှတ်သား၊ လေ့လာပြီး အသိပညာမြင့်မားအောင် ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှသာလျှင် ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်၏ အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သိန်းနီစော်ဘွားကြီး၏ ဟော်နန်းတော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီလ ၉ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့ရှိ သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ကြီးကျယ်ခမ်းနားထည်ဝါသည့်ဟော်နန်းတော်(ဟော်ခမ်းသျှမ်းဝီ) ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟော်နန်းပုံစံငယ်များကို ကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- ဟော်နန်းပြန်လည်တည်ဆောက်ရာတွင် သမိုင်းအထောက်အထားများကိုလေ့လာ၍ အနီးစပ်ဆုံးတူညီအောင် ကြိုးစားတည်ဆောက်ကြစေလိုကြောင်း၊ သမိုင်းဝင်အဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများကို မူလပုံစံမပျက် ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ၏ သမိုင်းအစဉ်အလာကြီးမားမှုကို ဖော်ပြနိုင်မည်ဖြစ်ကြောင်းနှင့် ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။
- ဟော်နန်းပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာတွင်လည်း ၎င်းတို့နိုင်ငံ၏ သမိုင်းဝင်အဆောက်အဦများ၊ အမွေအနှစ်များကို ပြန်လည်ဖော်ထုတ်တည်ဆောက်ခြင်း၊ မွမ်းမံခြင်းများပြုလုပ်၍ နောင်လာနောက်သားများလေ့လာနိုင်ရန်၊ သမိုင်းကိုသိရှိစေရန်ပြတိုက်များ၊ လေ့လာရန်အထိမ်းအမှတ်နေရာများအဖြစ် ပြုလုပ်ထားရှိကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဟော်နန်းတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် ဟော်နန်းပရိဝုဏ်အတွင်းရှိ ယဉ်ကျေးမှုပြခန်းအတွင်း၌ သိန်းနီမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍-

- သိန်းနီမြို့သည် စီးပွားရေးအရ အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ပေးနိုင်ရေးစဉ်းစားခဲ့ရာတွင် ဦးစွာယဉ်ကျေးမှု အစဉ်အလာများကိုဖော်ထုတ်လျက် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဟု လေ့လာတွေ့ရှိခဲ့သဖြင့် သိန်းနီ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သိန်းနီမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

ဟော်နန်းကြီးကို ပြန်လည်တည်ဆောက်ပေးနိုင်ရေး စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

- ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လူပုဂ္ဂိုလ်တစ်ဦးချင်း တိုးတက်မှသာလျှင် ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ မြို့နယ်မှစ၍ ဒေသတစ်ခုလုံးလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများက အဓိကကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- အစိုးရအနေဖြင့် နိုင်ငံသားတိုင်း ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးထားပြီးဖြစ်သော်လည်း ကျောင်းတက်၍ စာပေပညာသင်ကြားကြမှသာလျှင် စာပေတတ်မြောက်ကြမည်ဖြစ်ကြောင်း၊ ပညာတတ်မှသာလျှင် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။
- ပညာရေး နောက်ကျကျန်ရစ်ခဲ့ခြင်းမရှိစေရန်နှင့် ကျောင်းသား၊ ကျောင်းသူတို့၏ တစ်နှစ်တာအချိန် မနစ်နာစေရေးအတွက် ကိုဗစ်-၁၉ ဖြစ်ပေါ်နေသည့်ကြားကပင် စာသင်ကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် အခြေခံပညာ ပညာရေး၏စာသင်နှစ်ပြီးဆုံးပြီဖြစ်ပြီး နောင်လာမည့်နှစ်စာသင်နှစ်၌ ပညာရေးအရှိန်အဟုန်မြှင့်တင်ရန် ကြိုတင်ပြင်ဆင်ထားကြစေလိုကြောင်း။
- ဒေသတွင်း တန်ဖိုးမြင့်ထုတ်ကုန်၊ ထွက်ကုန်များ ထွက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုပြီး လိုအပ်သည့်စိုက်ပျိုးမွေးမြူရေးအသိပညာနှင့် အရင်းအနှီးများကို အစိုးရမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ အဆင့်မြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် သိန်းနီဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်မည့်အခြေအနေများကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိန်းနီမြို့ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ မြို့မိမြို့ဖ ဦးစိုင်းမျိုးညွန့်က လက်ခံရယူခဲ့ပါသည်။

အဆိုပါ သိန်းနီဟော်နန်းကို အေဒီ ၁၉၁၀ ပြည့်နှစ် သက္ကရာဇ် ၁၂၇၂ ခုနှစ်တွင် သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်းက ကြီးကျယ်ခမ်းနားထည်ဝါသည့် ဟော်နန်းအသစ်ကြီးအဖြစ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အေဒီ ၁၉၄၄ ခုနှစ်တွင် အမေရိကန် စစ်လေယာဉ်များသည် သိန်းနီမြို့ကို ဗုံးများကြဲချတိုက်ခိုက်ခြင်းကြောင့် သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ဟော်နန်းကြီးသည်လည်း မြေခပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏လမ်းညွှန်ချက်အရ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်တွင် ဟော်နန်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဟော်နန်းအဆောက်အဦသစ်ကို မူလအဆောက်အဦဟောင်းမြေနေရာ၏ လက်ဝဲဘက် ၆၃ ပေ အကွာ၌ဆောက်လုပ်လျက်ရှိပြီး ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်းနှင့် ပြီးစီးပါက ဟော်နန်းပြတိုက်အဖြစ်ထားရှိ၍ ဒေသအတွင်း သမိုင်းဝင်လေ့လာစရာနေရာနှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုး



**သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ကြီးကျယ်ခမ်းနားထည်ဝါသည့် ဟော်နန်းတော်(ဟော်ခမ်းသျှမ်းဝီ)ပြန်လည်တည်ဆောက်နေမှု**



**သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တပုညနန္ဒအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်နေမှု**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သိန်းနီမြို့ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်နေမှု**

တိုးတက်စေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှ၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့၊ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တပုညနန္ဒအား ဖူးမြော်ကြည်ညိုကြပြီးနောက် မန်ဆူရှမ်းကျောင်းတိုက်ရှိ စာသင်သားသံဃာတော်အပါး ၁၀၀ နှင့် မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီးအမှူးပြုသည့် သံဃာတော်များအား ဆွမ်းလောင်းလှူကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ(၁၀-၄-၂၀၂၂)**

- ဟော်နန်းပြန်လည်တည်ဆောက်ရာတွင် သမိုင်းအထောက်အထားများကို လေ့လာ၍ အနီးစပ်ဆုံးတူညီအောင် ကြိုးစားတည်ဆောက်ကြစေလို။
- ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လူပုဂ္ဂိုလ်တစ်ဦးချင်းတိုးတက်မှသာလျှင် ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ မြို့နယ်မှစ၍ ဒေသတစ်ခုလုံးလည်း တိုးတက်လာမည်ဖြစ်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများက အဓိကကြိုးစား ဆောင်ရွက်ရမည်ဖြစ်။
- အစိုးရအနေဖြင့် နိုင်ငံသားတိုင်း ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးထားပြီးဖြစ်သော်လည်း ကျောင်း တက်၍ စာပေပညာသင်ကြားကြမှသာလျှင် စာပေတတ်မြောက်ကြမည်ဖြစ်၊ ပညာတတ်မှသာလျှင် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်။
- အေဒီ ၁၉၄၄ ခုနှစ်တွင် အမေရိကန်စစ်လေယာဉ်များသည် သိန္နီမြို့ကို ဗုံးများကြဲချတိုက်ခိုက်ခြင်းကြောင့် သိန္နီ စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းကြီးသည်လည်း မြေခပျက်စီးဆုံးရှုံးခဲ့ရ။
- တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်တွင် ဟော်နန်းပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧပြီလ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များအားတွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများကို ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲတွင် တာဝန်ရှိသူများက ပြင်ဦးလွင်ဒေသ၌ ကော်ဖီစီမံကိန်းဖြစ်ပေါ်လာမှု၊ စိုက်ပျိုးမြေအသုံးချထားရှိမှုနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လိုအပ်သည်များကို အစိုးရမှ ဦးဆောင်ဆောင်ရွက်ပေးနိုင်ရေး အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က–

- မြို့မြေ၊ မြေလွတ်မြေရိုင်း ဧရိယာအတွင်းနှင့် သစ်တောဧရိယာများ၌ ကော်ဖီစိုက်ပျိုးရန် လုပ်ပိုင်ခွင့်ပေးထားမှုများကို အခြားနည်းလမ်းများဖြင့် အသုံးချထားရှိမှုများ၊ စိုက်ပျိုးခြင်းမရှိမှုများသည် အမှန်တကယ်လုပ်ငန်းဆောင်ရွက်နေသူများကို ထိခိုက်နစ်နာစေနိုင်သဖြင့် သတ်မှတ်စည်း



**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦးက ရှင်းလင်းတင်ပြနေမှု**



**မန္တလေးတိုင်းဒေသကြီးဝန် ကြီးချုပ်ဦးမောင်ကိုက ရှင်းလင်းတင်ပြနေမှု**



**စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ရှင်းလင်းတင်ပြနေမှု**



**သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ရှင်းလင်းတင်ပြနေမှု**

မျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

- ကော်ဖီစိုက်ပျိုးရာတွင် အရိပ်ရနှင့် အရိပ်မဲ့စိုက်ပျိုးမှုဟူ၍ ရှိပြီး မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲလာမှုကို ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောသစ်ပင် စိမ်းလန်းစေရန် ရည်ရွယ်၍ အရိပ်ရကော်ဖီစိုက်ပျိုးရန် ပြင်ဦးလွင်မြို့နယ်၌ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။
- ကော်ဖီထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အရည်အသွေးမြင့်ထုတ်ကုန်ဖြစ်စေရေး အစိုးရက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လိုအပ်သည့်အရင်းအနှီးများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အမှန်တကယ်အောင်မြင်ပြီး မြန်မာ့ကော်ဖီ (Myanmar Coffee Brand)ကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။
- နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ဒေသထုတ်ကုန်၊ ထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်အတွင်း အဆင့်မြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချ၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်နှင့် နိုင်ငံတော်၏စီးပွားရေးကောင်းမွန်စေရန်အတွက် နိုင်ငံနှင့်အဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း။
- ပြင်ဦးလွင်မြို့သည် အေးမြပြီး သစ်ပင်ပန်းမန်များဖြင့် ရောင်စုံလှပသည့် မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ဥတုသုံးပါးလုံး၌ လာရောက်အပန်းဖြေသည့် ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များဖြင့် စည်ကားလျက်ရှိရာ ဒေသသို့လာရောက်သည့်ခရီးသွားများအား ကော်ဖီခြံများသို့ လာရောက်လေ့လာလည်ပတ်စေခြင်းဖြင့်လည်း ဒေသ၏ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- မိမိမြို့၊ မိမိဒေသအတွက် မိမိတို့ကိုယ်တိုင် ကြိုးစားဆောင်ရွက်မည်ဟူသည့်စိတ်ဖြင့် စည်းကမ်းတကျဆောင်ရွက်ကြစေလိုကြောင်း၊ ရှေးဟောင်းသမိုင်းဝင် အဆောက်အဦများကိုလည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြင်ဦးလွင်မြို့၏ နိုင်ငံတကာကသိရှိထားသည့်ကောင်းမွန်သည့် နောက်ခံသမိုင်းကြောင်းများကို ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကော်ဖီလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၁-၄-၂၀၂၂)**

## မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များက ရှင်းလင်းတင်ပြနေသည့်မှတ်တမ်းဓာတ်ပုံများ









- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများကို ဆွေးနွေးခဲ့။
- ကော်ဖီထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အရည်အသွေးမြင့်ထုတ်ကုန်ဖြစ်စေရေး အစိုးရက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်၊ လိုအပ်သည့်အရင်းအနှီးများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အမှန်တကယ်အောင်မြင်ပြီး မြန်မာ့ကော်ဖီ (Myanmar Coffee Brand)ကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလို။
- နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ဒေသထုတ်ကုန်၊ ထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်အတွင်း အဆင့်မြင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ရောင်းချ၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးကောင်းမွန်စေရန်အတွက် နိုင်ငံနှင့်အဝန်း ဆောင်ရွက်ပေးလျက်ရှိ။
- ပြင်ဦးလွင်မြို့သည် အေးမြပြီး သစ်ပင်ပန်းမန်များဖြင့် ရောင်စုံလှပသည့် မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ဥတုသုံးပါးလုံး၌ လာရောက်အပန်းဖြေသည့် ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များဖြင့် စည်ကားလျက်ရှိရာ ဒေသသို့လာရောက်သည့်ခရီးသွားများအား ကော်ဖီခြံများသို့ လာရောက်လေ့လာလည်ပတ်စေခြင်းဖြင့်လည်း ဒေသ၏ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်။

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၅) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ




တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၅)သီဟတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဧပြီလ ၆ ရက်တွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးသရေစည်သူစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးသရေစည်သူစိုးဝင်းသည် စစ်ရေးပြအစီအစဉ်အတိုင်း ဗိုလ်လောင်းတပ်ခွဲများအား လိုက်လံစစ်ဆေးပြီးနောက် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူအား ငွေဓားဆုချီးမြှင့်ပေးအပ်ခဲ့ပါ သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင်-

- တပ်မတော်သားများသည် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အဓိကနေရာက တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြသလို နိုင်ငံတော်နှင့် တပ်မတော်အတွက် အရေးကြုံလာပါက အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်နှင့် တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း။
- တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့ပြီး ရရှိထားသော လွတ်လပ်ရေးကို ဆုံးရှုံးမသွားရအောင်လည်း ခေတ်အဆက်ဆက်ကာကွယ်စောင့်ရှောက်လာခဲ့သော အစဉ်အလာကြီးမားသည့် တပ်မတော်ကြီးဖြစ်ကြောင်း။
- တပ်မတော်သည် သမိုင်းစဉ်အဆက်ဆက် တိုင်းရင်းသားပြည်သူများရှေ့က ခိုင်မာသော အမျိုးသားအင်အားစုအဖြစ် ရပ်တည်ကာ ကိုလိုနီနယ်ချဲ့လက်အောက်က မြန်မာ့လွတ်လပ်ရေးရယူရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သလို လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းဆူပူမှုများနှင့် ပြည်ပက သွေးထိုးနှောင့်ယှက်မှုအန္တရာယ်အမျိုးမျိုးကို တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပြီး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ဖြင့် အောင်မြင်စွာဖြေရှင်းပေးနိုင်ခဲ့ကြောင်း။
- နိုင်ငံတစ်နိုင်ငံ၏ တိကျစွာပိုင်းခြားသတ်မှတ်ထားသည့် ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးသရေစည်သူစိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၅) သီဟတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားနေမှု**

အတွက် တပ်မတော်တစ်ရပ် မရှိမဖြစ်လိုအပ်ပြီး တပ်မတော်သားတိုင်းသည်လည်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေရန်လို အပ်ကြောင်း။

- ပစ္စုပ္ပန်ကာလတွင်လည်း တပ်မတော်အနေဖြင့် ပြည်သူတို့၏ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်း တည်တံ့ခိုင်မြဲစေရေးနှင့် နိုင်ငံ၏အဓိကလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့အတွက် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ပြီး နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကိုရှေးရှုကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဦးလည်မသုန်ကျေပွန်အောင် ထမ်းဆောင်လျက်ရှိကြောင်း။
- တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ရာတွင် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားများ ပြည့်စုံနေရန်လိုအပ်ပြီး တိုက်ပွဲစွမ်းရည် ပြည့်ဝစေရန် စွမ်းရည်ထက်မြက်ပြီး အရည်အချင်းပြည့်ဝသောစစ်သည်များ လိုအပ်သည့်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထားဆောင်ရွက်ပေးလျက်ရှိကြောင်း။
- တိုက်ပွဲစွမ်းအားများ ပြည့်ဝစေရေးအတွက်လည်း တပ်မတော်အနေဖြင့် ခေတ်နှင့်လျော်ညီသည့် စစ်လက်နက်ပစ္စည်းများကို တပ်ဆင်အသုံးပြုနိုင်ရေး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းနှင့် နိုင်ငံတကာတပ်မတော်များနည်းတူ ရင်ပေါင်တန်းနိုင်သည့် ခေတ်မီတပ်မတော် (Standard Army)ဖြစ်အောင် အရှိန်အဟုန်ဖြင့် အပိုင်းလိုက်၊ အကန့်အလိုက် အစီအမံများအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း။
- တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်သောကြောင့် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် တည်ဆောက်နေသည့်ကာလတွင် ရဲဘော်တို့အနေဖြင့် ကျရာကဏ္ဍမှ သစ္စာရှိရှိတာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။
- နိုင်ငံတော်၏ အရေးပေါ်ကာလပြဋ္ဌာန်းချက်နှင့်အညီ ဖြေရှင်းရမည့် လုပ်ငန်းတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပပေးကာ အနိုင်ရရှိပြီး ပြည်သူလူထုက တရားမျှတစွာရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရထံ ပြန်လည်လွှဲပြောင်းပေးရန် တပ်မတော်က အတိအလင်း ကြေညာထားပြီးလည်း ဖြစ်ကြောင်း။
- စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးအတွက် လေ့ကျင့်ရေးကသာ တည်ဆောက်ပေးနိုင်သည်ဖြစ်သောကြောင့် ကိုယ်တိုင်လည်း လေ့ကျင့်နေရန်လိုအပ်သကဲ့သို့ မိမိလက်အောက်ကိုလည်း စဉ်ဆက်မပြတ်လေ့ကျင့်ပေးနေရန် လိုအပ်ကြောင်း။
- ခေါင်းဆောင်ဆိုသည်မှာ မိမိဦးဆောင်သည့် အဖွဲ့အစည်းကို ပေးအပ်လာသောတာဝန်များ၊ ဖြစ်ပေါ်လာသည့်အခက်အခဲများနှင့်လိုအပ်ချက်များကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး ဦးဆောင်ဖြေရှင်းရသူဖြစ်သကဲ့သို့ ရရှိလာသည့် အကျိုး၊ အပြစ်များကိုလည်း တာဝန်ခံရသည့်သူသာဖြစ်သည့်အတွက် တာဝန်ကိုသိပြီး တာဝန်ကျေပွန်သည့် ခေါင်းဆောင်၊ အခက်အခဲနှင့် ပြဿနာများအပေါ် စွန့်လွှတ်စွန့်စားသည့်စိတ်ဖြင့်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးသရေစည်သူစိုးဝင်းက အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအောင်မင်းသူအား ငွေဓားဆုချီးမြှင့်ပေးအပ်နေမှု**

တာဝန်ယူဖြေရှင်းနိုင်သည့် ခေါင်းဆောင်များဖြစ်ရန် လိုအပ်ကြောင်း။

- လက်အောက်ငယ်သားများ၏ သက်သာချောင်ချိရေးအတွက် လူမှုရေးအခက်အခဲများကို သတ်မှတ်ထားသည့် အမိန့်/ညွှန်ကြားချက်နှင့် ပြဋ္ဌာန်းထားသည့် ဥပဒေမူဘောင်အတွင်းမှ မှန်မှန်ကန်ကန်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။
- လက်ရှိကာလတွင် ပြည်ပနိုင်ငံအချို့နှင့် ပြည်တွင်းအကြမ်းဖက်အဖွဲ့အစည်းများက နိုင်ငံတော်နှင့် တပ်မတော်ပြိုကွဲအောင် နည်းလမ်းအမျိုးမျိုးဖြင့် သွေးထိုးမြှောက်ပင့်သွေးခွဲလျက်ရှိသည်ကို တွေ့မြင်နေကြရမည်ဖြစ်ကြောင်း။
- တပ်မတော်သားတိုင်းသည် နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်လိုသည့် မွန်မြတ်သည့်စိတ်ဓာတ်နှင့် မိမိတို့သဘောဆန္ဒအလျောက် ဝင်ရောက်အမှုထမ်းကြသူများဖြစ်သည့်အတွက် မိမိထမ်းဆောင်ရသည့် တာဝန်များကို ယုံကြည်ချက်၊ ခံယူချက် မြင့်မြင့်မားမားထားပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။
- တပ်မတော်သည် နိုင်ငံတော်၏ အဓိကအကျဆုံးသော လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့်အတွက် တပ်မတော်သားတိုင်းသည် စစ်ဘက်စည်းကမ်း၊ စစ်ဘက်ဥပဒေနှင့် နယ်ဘက်ဥပဒေများအပြင် ဂျီနီဗာကွန်ဗင်းရှင်းနှင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engagement–ROE) ကဲ့သို့သော နိုင်ငံတကာက လိုက်နာကြသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကိုလည်း တန်ဖိုးထားလေးစားလိုက်နာကြရကြောင်း။
- စည်းကမ်းကောင်းမွန်သည့်အဖွဲ့အစည်းသည် ကြာရှည်တည်တံ့ခိုင်မြဲပြီး ရည်မှန်းချက်တာဝန်ကိုပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ဖြစ်သောကြောင့် တပ်မတော်သည် နိုင်ငံတော်၏ အခိုင်အမာဆုံးသော အဖွဲ့အစည်းအဖြစ် ရပ်တည်နေခြင်းဖြစ်ကြောင်း။
- ထို့ကြောင့် ရဲဘော်တို့အနေဖြင့် စည်းကမ်းကောင်းပြီး အမိန့်နာခံတတ်မှုကောင်းသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင်ကြိုးစားပြီး မိမိကွပ်ကဲရသည့်တပ်ဖွဲ့ကိုလည်း တပ်ဖွဲ့ကောင်းတစ်ရပ်ဖြစ်အောင် တည်ဆောက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။
- ယနေ့အချိန်အခါတွင် ပြည်တွင်းပြည်ပလောက်ကောင်၊ သစ္စာဖောက်များသည် နိုင်ငံအပေါ် ဆရာ့ဆရာကြီးများ၏ ကိုယ်ကျိုးစီးပွားအတွက် အသွင်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ချုပ်ကိုင်ခိုင်းစေမှုများအတိုင်း နယ်ပယ်ပေါင်းစုံ၌ တစ်သဝေမတိမ်းလိုက်နာလှုပ်ရှားနေကြရကြောင်း။
- တစ်နည်းအားဖြင့် အခိုင်းအစေဘဝများဖြင့် ဆောင်ရွက်ရာတွင် တပ်မတော်ပြိုကွဲရေးနှင့် နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေး၊ ရပ်သေးအစိုးရဖြစ်စေရေးစသည့် အကြံဆိုးများလည်းအဓိကပါဝင်နေသည်ကို သတိပြုကြရမည်ဖြစ်ကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးသရေစည်သူစိုးဝင်းက ထူးချွန်ဆုရဗိုလ်လောင်းများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားနေမှု**

- ထို့ကြောင့် တပ်တွင်းစည်းရုံးရေးနှင့် အေးချမ်းစွာနေထိုင်လိုပြီး နိုင်ငံတော်၏ကျေးဇူးများကို စောင့်သိရိုသေကြသည့်ပြည်သူများအတွက် တပ်ပြင်စည်းရုံးရေးသည်လည်း မလုပ်မဖြစ်လုပ်ကြရမည့်၊ တပ်မတော်သားတိုင်း ဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန်တစ်ခုဖြစ်ကြောင်း။
- တပ်တွင်းစည်းရုံးရေး ဖော်ဆောင်ရာတွင် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး ၄ ရပ် ဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့ဖြင့် အဓိကထားဆောင်ရွက်သွားရမည်ဖြစ်ပြီး ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်ဆိုသည့်အတိုင်း ကျစ်လျစ်ခိုင်မာစွာ တည်ဆောက်ထားကြရန်လိုကြောင်း။
- စည်းရုံးရေးစွမ်းရည် ကောင်းမွန်ခြင်းသည်လည်း အပြန်အလှန်အားဖြင့် အုပ်ချုပ်ရေးစွမ်းရည်နှင့်စစ်ရေးစွမ်းရည်ကိုပါ တိုးတက်ကောင်းမွန်စေပြီး ပေးအပ်လာသည့် မည်သည့်တာဝန်များကိုမဆို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ရဲဘော်တို့အနေဖြင့် တပ်တွင်းတပ်ပြင်စည်းရုံးရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။
- တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(Nationwide Ceasefire Agreement –NCA)ပါ သဘောတူညီချက်များအတိုင်း အလေးထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပနိုင်ရေး အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ငြိမ်းချမ်းရေးခြေလှမ်းအသစ်အနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ်ကြေညာထားသည့်အဖွဲ့များကလွဲ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ထာဝရငြိမ်းချမ်းရေးအတွက် မည်သည့်ကြိုတင်ကန့်သတ်ချက်မျှမပါဘဲ ဆွေးနွေးနိုင်ရန်နှင့် ကျင်းပပြီးဖြစ်သော စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကို တက်ရောက်ကြရန် ဖိတ်ခေါ်ခဲ့ခြင်းသည် တပ်မတော်အနေဖြင့် အမှန်တကယ်ငြိမ်းချမ်းရေးကိုရရှိစေလိုသည့်စိတ်၊ တိုင်းရင်းသားညီနောင်များကို ညီရင်းအစ်ကိုသဖွယ် ထားရှိသည့်စိတ်ကိုရှေးရှုပြီး ဆောင်ရွက်ခဲ့သည်ကို သိရှိထားကြရန်လိုအပ်ကြောင်း။
- ၂၀၂၂ ခုနှစ်ကိုလည်း နိုင်ငံတော်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ကာ NCA လက်မှတ်ရေးထိုးပြီးလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လက်မှတ်မထိုးရသေးသည့် လက်နက်ကိုင်အဖွဲ့များကိုပါ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ ထာဝရငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးသရေစည်သူစိုးဝင်းက သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီးနောက် ညစာအတူတကွသုံးဆောင်နေမှု**

- ရဲဘော်တို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အထောက်အကူပြုစေမည့် တာဝန်ပေးအပ်မှုမှန်သမျှကို လည်း ကျေပွန်စွာထမ်းဆောင်ကြရန် မှာကြားလိုကြောင်း။
- တပ်မတော်၏မွန်မြတ်သည့် အတိတ်သမိုင်းကြောင်း အစဉ်အလာနှင့်အညီ ပစ္စုပ္ပန်ရပ်တည်ချက်အမှန်တရားကို သိရှိနားလည်ပြီး ပေးအပ်လာသောတာဝန်များကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကျေပွန်အောင် ဂုဏ်သိက္ခာရှိရှိ ထမ်းဆောင်သွားရန်၊ တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် ဖြစ်အောင် အစဉ်တစိုက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်။
- နိုင်ငံတော်နှင့်တပ်မတော်က ချမှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းဥပဒေများကို လေးစားလိုက်နာပြီး “စည်းကမ်းကောင်းသော တပ်မတော်ဖြစ်သည်” ဆိုသည့် တပ်မတော်၏အစဉ်အလာကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်၊ တပ်မတော်၏ စွမ်းရည်သုံးရပ်တိုးတက်မြင့်မားစေရန် တပ်တွင်း/ တပ်ပြင်စည်းရုံးရေးကို ခိုင်မာသည်ထက်ခိုင်မာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားတည်ဆောက်သွားကြရန် မှာကြားခဲ့။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ ထူးချွန်ဆုရ ဗိုလ်လောင်းများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဧပြီလ ၆ ရက် ညပိုင်းတွင်ကျင်းပသော တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၅) သီဟတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးသရေစည်သူစိုးဝင်း တက်ရောက်ချီးမြှင့်ခဲ့ပြီး ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီးနောက် သင်တန်းဆင်းအရာရှိများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြပါသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်အောင်ဇော်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းဆင်းအရာရှိများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၇-၄-၂၀၂၂)**

- တပ်မတော်သားများသည် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အဓိကနေရာက တာဝန်ထမ်းဆောင်နေကြ သူများဖြစ်ကြသလို နိုင်ငံတော်နှင့် တပ်မတော်အတွက် အရေးကြုံလာပါက အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်နှင့် တာဝန်ထမ်းဆောင်နေကြသူများဖြစ်။
- တပ်မတော်သည် သမိုင်းစဉ်အဆက်ဆက် တိုင်းရင်းသားပြည်သူများရှေ့က ခိုင်မာသောအမျိုးသား အင်အားစု အဖြစ်ရပ်တည်ကာ ကိုလိုနီနယ်ချဲ့လက်အောက်က မြန်မာ့လွတ်လပ်ရေးရယူရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သလို လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းဆူပူမှုများနှင့် ပြည်ပက သွေးထိုးနှောင့်ယှက်မှုအန္တရာယ်အမျိုးမျိုးကို တိုင်းရင်းသားပြည်သူများနှင့်အတူလက်တွဲပြီး အောင်မြင်စွာ ဖြေရှင်းပေးနိုင်ခဲ့။
- နိုင်ငံတစ်နိုင်ငံ၏ တိကျစွာပိုင်းခြားသတ်မှတ်ထားသည့် ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ကာကွယ် ရန်အတွက် တပ်မတော်တစ်ရပ်မရှိမဖြစ်လိုအပ်ပြီး တပ်မတော်သားတိုင်းသည်လည်း မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်နေရန်လို။
- ပစ္စုပ္ပန်ကာလတွင်လည်း တပ်မတော်အနေဖြင့် ပြည်သူတို့၏ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်း တည်တံ့ခိုင်မြဲစေရေးနှင့် နိုင်ငံ၏အဓိကလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး တို့အတွက် စိန်ခေါ်မှုမျိုးစုံကိုရင်ဆိုင်ပြီး နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကိုရှေးရှုကာ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ဦးလည်မသုန်ကျေပွန်အောင် ထမ်းဆောင်လျက်ရှိ။
- တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်သောကြောင့် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် တည်ဆောက်နေသည့်ကာလတွင် ရဲဘော်တို့ အနေဖြင့် ကျရာကဏ္ဍမှ သစ္စာရှိရှိတာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလို။
- နိုင်ငံတော်၏ အရေးပေါ်ကာလပြဋ္ဌာန်းချက်နှင့်အညီ ဖြေရှင်းရမည့် လုပ်ငန်းတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပပေးကာ အနိုင်ရ ရှိပြီး ပြည်သူလူထုကတရားမျှတစွာရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရထံ ပြန်လည်လွှဲပြောင်းပေးရန် တပ်မတော်က အတိအလင်းကြေညာထားပြီးလည်းဖြစ်။
- လက်အောက်ငယ်သားများ၏ သက်သာချောင်ချိရေးအတွက် လူမှုရေးအခက်အခဲများကို သတ်မှတ်ထား သည့်အမိန့်/ညွှန်ကြားချက်နှင့် ပြဋ္ဌာန်းထားသည့် ဥပဒေမူဘောင်အတွင်းမှ မှန်မှန်ကန်ကန်ဖြင့် ဖြေရှင်း ဆောင်ရွက်ပေးသွားရမည်ဖြစ်။
- စည်းကမ်းကောင်းမွန်သည့်အဖွဲ့အစည်းသည် ကြာရှည်တည်တံ့ခိုင်မြဲပြီး ရည်မှန်းချက်တာဝန်ကိုပြီး မြောက် အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ဖြစ်သောကြောင့် တပ်မတော်သည် နိုင်ငံတော်၏အခိုင်အမာဆုံး သော အဖွဲ့အစည်းအဖြစ် ရပ်တည်နေခြင်းဖြစ်။
- တပ်တွင်းစည်းရုံးရေးနှင့် အေးချမ်းစွာနေထိုင်လိုပြီး နိုင်ငံတော်၏ကျေးဇူးများကို စောင့်သိရှိသေကြသည့် ပြည်သူများအတွက် တပ်ပြင်စည်းရုံးရေးသည်လည်း မလုပ်မဖြစ်လုပ်ကြရမည့်၊ တပ်မတော်သားတိုင်း ဆောင်ရွက်ကြရမည့်လုပ်ငန်းတာဝန်တစ်ခုဖြစ်။
- တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင် ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(Nation-wide Ceasefire Agreement-NCA)ပါ သဘောတူညီချက်များအတိုင်း အလေးထားလုပ်ဆောင်သွားမည်ဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်ရှိ တပ်မတော်ဆေးရုံနှင့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ လိုက်လံကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇနီးဒေါ်သန်းသန်းနွယ်၊ တပ်မတော်အရာရှိကြီးများနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့လိုက်ပါ၍ ဧပြီလ ၆ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံနှင့် တပ်နယ်အတွင်း စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ–

- ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ဆေးရုံရှင်းလင်းဆောင်၌ ဆေးရုံတပ်မှူးက ဆေးဝါးကုသမှုဆိုင်ရာများနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်ဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များမေးမြန်းကာလိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှုပြီး အားပေးစကားပြောကြားခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်သည် အမျိုးသမီးနှင့်ကလေးကုသဆောင်ရှိ လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့။
- တပ်မတော် (ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ပေါင်းစည်းလယ်ယာစနစ် စိုက်ပျိုး/မွေးမြူရေးခြံသို့သွားရောက်ပြီး ဥစားကြက်၊ အသားတိုးကြက်၊ DYLဝက် နှင့် နို့စားနွား မွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှုများ၊ ပိန်းချောင်းဆည် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့။
- တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ပေါင်းစည်းလယ်ယာ (ဗထူးစမ်း)သို့သွားရောက်၍ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏အကူအညီဖြင့် လယ်မြေသစ်များဖော်ထုတ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။

ဗထူးစမ်းဆည်တည်ဆောက်ပြီးစီးပါက တပ်နယ်အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ ဇလဲရွာနှင့်လွယ်ဆင်ရွာတို့ရှိ ဒေသခံပြည်သူများ၏ လယ်မြေဧကစုစုပေါင်း ၂၀၀ ကျော်အား အကျိုးပြုနိုင်မည်ဖြစ်ကာ သုံးရာသီမပြတ်ရေရရှိနိုင်မည်ဖြစ်၍ တပ်နယ်အတွင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို များစွာအထောက်အပံ့ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ပိန်းချောင်းဆည်ပြန်လည်ပြုပြင်ပြီးစီးပါက လယ်မြေဧ ၅၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး ရာသီသီးနှံစိုက်ပျိုးရေးလုပ်ငန်းများတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၄-၂၀၂၂)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဆေးကုသမှုခံယူနေသူများအား စားသောက်ဖွယ်ရာနှင့်
ထောက်ပံ့ပစ္စည်းများပေးအပ်နေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးနေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဆေးရုံတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့်
ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် ဆေးရုံအတွက် အလှူငွေများ ပေးအပ်နေမှု

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်နယ်အတွင်း စိုက်ပျိုး/မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးနေသည့်မှတ်တမ်းဓာတ်ပုံများ**









- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇနီးဒေါ်သန်းသန်းနွယ်၊ တပ်မတော်အရာရှိကြီးများနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ လိုက်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံနှင့် တပ်နယ်အတွင်း စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ဝိုး၊ ကျိုင်းခမ်း၊ မိုင်းပျဉ်းနှင့် တောင်ကြီးတပ်နယ်များသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ဧပြီလ ၇ ရက်တွင် နောင်ဝိုး၊ ကျိုင်းခမ်း၊ မိုင်းပျဉ်းနှင့် တောင်ကြီးတပ်နယ်တို့ရှိ တပ်နယ်မြေခံတပ်များသို့သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့ရာတွင်-

- တပ်မတော်သားများအနေဖြင့် နိုင်ငံတော်မှပေးအပ်သော လစာနှင့်ရိက္ခာကို ရရှိခံစားနေခြင်းဖြစ်၍ သစ္စာအဓိဋ္ဌာန် (၄)ချက်ပါအတိုင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာအပေါ် အလေးထားစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်လိုကြောင်း။
- တာဝန်ရှိသူများအနေဖြင့် စစ်သည်၊ မိသားစုဝင်များ၏ စားဝတ်နေရေးမှစ၍ ကျန်းမာရေး၊ ပညာရေးအထိ အရေးအရာများကို အလေးနက်ထားဖြည့်ဆည်းဆောင်ရွက်ပေးမှသာ တပ်မတော်သားများအနေဖြင့် မိသားစုများအတွက် နောက်ဆံတင်းမှုမရှိဘဲ လုံခြုံရေးတာဝန်၊ စစ်ဆင်ရေးတာဝန်များကို အပြည့်အဝတာဝန်ထမ်းဆောင်နိုင်ကြမည် ဖြစ်ကြောင်း။
- ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးမှုများ၊ တစ်ကြိမ်ထက်ပိုသော မဲပေးမှုများစသော မဲမသမာမှုများဖြစ်ပေါ်ခဲ့ပြီး အာဏာကို အဓမ္မနည်းရယူရန် ကြိုးစားလာခဲ့သောကြောင့် တပ်မတော်အနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။
- ၂၀၂၃ ခုနှစ်၊ ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတပြီး မှန်ကန်သော ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုဝင်စာရင်းမှန်ကန်ရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ရခွင့်ရှိသူများအားလုံးကို ပြုလုပ်ပေးလျက်ရှိရာ နယ်မြေအလိုက်ပူးပေါင်းပါဝင်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန်လိုကြောင်း။
- မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေအရ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို မြဲမြဲစွာစွဲကိုင်ကျင့်သုံးခြင်းဖြစ်ရာ အဆိုပါအချက်အပေါ် နိုင်ငံရေးအရဘက်စုံဖိအားပေးမှု အသွင်ဆောင်မှုများအား စိန်ခေါ်မှုတစ်ရပ်အနေဖြင့် အောင်မြင်စွာ ရင်ဆိုင်ဖြေရှင်းကျော်လွှားနေရကြောင်း။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တောင်ကြီးတပ်နယ်နှင့် နောင်ချိုတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်နေမှု**








**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ကျိုင်းတုံတပ်နယ်၊ မိုင်းပျဉ်းတပ်နယ်နှင့် တောင်ကြီးတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်နေမှု**

- ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်တွင်းအကြမ်းဖက်အဖွဲ့များအနေဖြင့် နည်းမျိုးစုံသုံးကာ အစိုးရယန္တရားရပ်တန့်စေရန် ကြိုးပမ်းခဲ့သော်လည်း ထင်တိုင်းမပေါက်သဖြင့် နိုင်ငံတော်၏အခိုင်မာဆုံးအင်အားစုဖြစ်သည့် တပ်မတော်ကိုဖြိုခွဲရန် အစိုးရအဆက်ဆက်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ဆက်လက်၍လည်း သွေးခွဲမှုမျိုးစုံပြုလုပ်လာနိုင်သဖြင့် တပ်မတော်သားမိသားစုဝင်များအနေဖြင့် အထက်အောက် အပြန်အလှန်လေးစားယုံကြည်မှုဖြင့် ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ၊ အေးအတူပူအမျှ နေထိုင်သွားကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၄-၂၀၂၂)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်များအားရင်းရင်းနှီးနှီးနှုတ်ဆက်နေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား တောင်ကြီးတပ်နယ်မှ စစ်သည်၊ ရဲမေများက တင်ပြနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများလိုက်ပါ၍ နောင်ပိုး၊ ကျိုင်းခမ်း၊ မိုင်းပျဉ်းနှင့် တောင်ကြီးတပ်နယ်တို့ရှိ တပ်နယ်မြေခံတပ်များသို့သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားခဲ့။
- ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်တွင်းအကြမ်းဖက်အဖွဲ့များအနေဖြင့် နည်းမျိုးစုံသုံးကာ အစိုးရယန္တရားရပ်တန့်စေရန် ကြိုးပမ်းခဲ့သော်လည်း ထင်တိုင်းမပေါက်သဖြင့် နိုင်ငံတော်၏အခိုင်မာဆုံးအင်အားစုဖြစ်သည့် တပ်မတော်ကို ဖြိုခွဲရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ဆက်လက်၍လည်း သွေးခွဲမှုမျိုးစုံပြုလုပ်လာနိုင်သဖြင့် တပ်မတော်သား မိသားစုဝင်များအနေဖြင့် အထက်အောက် အပြန်အလှန်လေးစားယုံကြည်မှုဖြင့် ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ၊ အေးအတူ ပူအမျှ နေထိုင် သွားကြရန်လိုကြောင်းပြောကြားခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံ စက်ရုံ(နောင်တရား)ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်



လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ (နောင်တရား)ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၈ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နောင်တရားမြို့ရှိ အဆိုပါစက်ရုံနေရာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် ဖွင့်လှစ်ပေးခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့်အတူ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ မြန်မာစီးပွား ရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များ၊ ဖိတ်ကြားထားသူများ၊ ဒေသခံတိုင်းရင်းသားများ တက် ရောက်ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လက်ဖက်ရွက်စိမ်းများအား ဘတ်ကွန်ပေ ယာဇလားအတွင်းသို့ထည့်သွင်း၍ စက်ရုံအား စတင်လည်ပတ် စေခဲ့ပြီး စက်ရုံအတွင်း သစ်သီးအခြောက်ခံမှုလုပ်ငန်းအဆင့် ဆင့်နှင့် လက်ဖက်အချိုခြောက်ထုတ်လုပ်နေမှုအဆင့်ဆင့်တို့အား လှည့်လည်ကြည့်ရှု၍ စက်ရုံမှဝန်ထမ်းများအတွက် ဂုဏ်ပြုချီး မြှင့်ငွေများ ပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက စက်ရုံဖွင့်ပွဲအမှာ စကားပြောကြားရာတွင်-

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန် ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူး ကြီးမင်းအောင်လှိုင်၏လမ်းညွှန်ချက်နှင့်အညီ လက်ဖက် အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ(နောင်တရား) ကို ဖွင့်လှစ်ခြင်းဖြစ်၍ ပအိုဝ်းဒေသတိုင်းရင်းသားများ အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ် နေ့တစ်နေ့ဖြစ်ကြောင်း။
- ယခုကဲ့သို့ လက်ဖက်ခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ ကြီး တည်ဆောက်ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်အနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း (နောင်တရား)ဒေသ၊ ပင်လောင်း ဒေသနှင့် အနီးဝန်းကျင်ဒေသများတွင်ထွက်ရှိသည့် သစ်သီး များကိုအခြောက်ခံပြီး အသီးအခြောက်ပြုလုပ်ကာ ပြည် တွင်း၊ ပြည်ပဈေးကွက်အတွင်း အဆင့်မြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူဖြစ်စေပြီး ဝင် ငွေတိုးပွားစေရန်ဖြစ်ကြောင်း။
- လက်ဖက်အချိုခြောက်ထုတ်လုပ်ရာတွင် မိရိုးဖလာထုတ် လုပ်မှု Orthodox နည်းစနစ်နှင့် CTC ခေတ်မီနည်းစနစ် ဟူ၍ နည်းစနစ် ၂ မျိုးရှိသည့်အနက် ယခုစက်ရုံ၏ တပ် ဆင်ထားသည့်စနစ်မှာ CTC (Crush–Tear–Curl) စနစ်ဖြစ် ပြီး လက်ဖက်အချိုခြောက်၏ အရည်အသွေးကို မြင့်မားစွာ ထုတ်လုပ်နိုင်သည့်အပြင် အလေအလွင့်နည်းပါးစွာဖြင့် ထုတ်လုပ်နိုင်မှာဖြစ်သည့်အတွက် စီးပွားရေးအရ ပိုမိုတွက် ချေကိုက်မှာဖြစ်ကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံ စက်ရုံ(နောင်တရား)ဖွင့်ပွဲအမှာစကား ပြောကြားနေမှု**

- အဆိုပါစက်ရုံသည် ဒေသအတွက် အများနှင့်သက်ဆိုင်သော ပထမဆုံးတစ်ခုတည်းသောစက်ရုံကြီးဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဖြစ်ပေါ်လာမည့် အသီးအပွင့်အခွင့်အလမ်းများကို လက်ဝယ်ပိုင်ပိုင်ရယူကြရန် တစ်နည်းအားဖြင့် မိမိလုပ်အားနှင့်ညီမျှသည့် ငွေကြေးထုတ်ပေးရာ စက်ရုံလည်းဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုသောစက်ရုံ၏ ရေရှည်ရပ်တည်နိုင်ရေး မိမိပိုင်စက်ရုံကဲ့သို့သဘောထား၍ ဝိုင်းဝန်းထိန်းသိမ်းသွားရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဆိုပါ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော နိုင်ငံခြားသားပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်းပေးအပ်ခဲ့ပါသည်။

လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ(နောင်တရား)မှ တစ်ရက် ၈ နာရီတစ်ဆိုင်းဖြင့် ထုတ်လုပ်ပါက လက်ဖက်ကုန်ချော လက်ဖက်အချိုခြောက် ၁၃၃၆ ကီလိုဂရမ် ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် စက်လည်ရက် ၂၂၄ ရက်ဖြင့် လက်ဖက်ကုန်ချော လက်ဖက်အချိုခြောက် ၄၈၈၀၀၀ ကီလိုဂရမ်(၅၃၈ တန်)ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၄-၂၀၂၂)**

- **လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ(နောင်တရား)ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ဖွင့်လှစ်ပေးခဲ့။**
- **လက်ဖက်ခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံကြီး တည်ဆောက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း(နောင်တရား)ဒေသ၊ ပင်လောင်းဒေသနှင့် အနီးဝန်းကျင်ဒေသများတွင်ထွက်ရှိသည့် သစ်သီးများကို အခြောက်ခံပြီး အသီးအခြောက်ပြုလုပ်ကာ ပြည်တွင်း၊ ပြည်ပဈေးကွက်အတွင်း အဆင့်မြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပြီး ဝင်ငွေတိုးပွားစေရန်ဖြစ်။**
- **အဆိုပါစက်ရုံမှ တစ်ရက် ၈ နာရီတစ်ဆိုင်းဖြင့် ထုတ်လုပ်ပါက လက်ဖက်ကုန်ချော လက်ဖက်အချိုခြောက် ၁၃၃၆ ကီလိုဂရမ် ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် စက်လည်ရက် ၂၂၄ ရက်ဖြင့် လက်ဖက်ကုန်ချော လက်ဖက်အချိုခြောက် ၄၈၈၀၀၀ ကီလိုဂရမ်(၅၃၈ တန်)ခန့် ထုတ်လုပ်နိုင်မည်ဖြစ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ စက်ရုံဖွင့်ပွဲ
အထိမ်းအမှတ်တံဆိပ်ကို မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ
ဒုတိယဗိုလ်ချုပ်ကြီးညီစောက ပေးအပ်နေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ဒေသခံတိုင်းရင်းသား
ပြည်သူများက လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လက်ဖက်ရွက်စိမ်းများအား
ဘတ်ကွန်ပေယာဇလားအတွင်းသို့ ထည့်သွင်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
လက်ဖက်အချိုခြောက်ထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
သစ်သီးအခြောက်ခံမှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက စက်ရုံမှ ဝန်ထမ်းများအတွက်
ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်နေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဧပြီလ ၈ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားခဲ့ရာ-

- ကိုဗစ်-၁၉ ကပ်ရောဂါ၏ရိုက်ခတ်မှုကြောင့် စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများသည် အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကမ္ဘာ့နိုင်ငံများအပေါ် အနည်းနှင့်အများဆိုသလို သက်ရောက်မှုရှိခဲ့၍ ရှမ်းပြည်နယ်အနေဖြင့်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကာလအတွင်း ရည်မှန်းထားသည့် GDP အောက် လျော့နည်းမှုဖြစ်ခဲ့ကြောင်း။
- ရှမ်းပြည်နယ်၏ မြေအသုံးချမှုတွင် မြေဧက ၃၈ ဒသမ ၅ သန်းကျော်အနက် အသားတင်စိုက်ပျိုးမြေမှာ ၃ ဒသမ ၁ သန်းကေကျော်ရှိ၍ ၁၀ ရာခိုင်နှုန်းခန့်သာရှိသဖြင့် ထိရောက် အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း။
- ဒေသအလိုက် စားရေရိက္ခာ ဖူလုံစေရေးအတွက် မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်တို့ မှန်ကန်ကောင်းမွန်စွာဖြင့် ဒေသအလိုက်သတ်မှတ်ထားသော အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း။
- အလားတူ မွေးမြူရေးကဏ္ဍတွင်လည်း အသား၊ ငါးနှင့် ဥ ထုတ်လုပ်မှုများကို ဖူလုံရန်အပြင် ပိုလျှံအောင်ကြိုးပမ်းရန်နှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကိုလည်း စွမ်းဆောင်ရည်မြင့်နည်းပညာများဖြင့် ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ရန်အရေးကြီးကြောင်း။
- နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်သည့် ဆီ ၂ ဆီကိစ္စနှင့်ပတ်သက်၍လည်း စားသုံးဆီအသုံးပြုမှုကို လျှော့ချရန်လိုသလို ပြည်တွင်းစားသုံးဆီဖူလုံပိုလျှံရန်လိုအပ်ကြောင်း။
- ပြည်တွင်းဆီထွက်သီးနှံတိုးတက်ထုတ်လုပ်မှုကို တိုးမြှင့်ခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်သကဲ့သို့ ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်မှာဖြစ်၍ နိုင်ငံခြားငွေသုံးစွဲမှုကို အတိုင်းအတာတစ်ခုအထိ ချွေတာနိုင်မည်ဖြစ်ကြောင်း။
- ကုန်စည်ထုတ်လုပ်ရာတွင် ကုန်ကြမ်းရောင်းချခြင်းထက် နည်းပညာဖြင့်ကြံဆ၍ တန်ဖိုးမြှင့်ထွက်ကုန်(Value added) ရရှိရန်ကြိုးစားရမည်ဖြစ်ကြောင်း။
- ဌာနဆိုင်ရာများတွင် နိုင်ငံတော်အတွက် လုပ်ငန်းအရ ဝင်ငွေရှာဖွေပေးသော ဌာနနှင့် ဝန်ဆောင်မှုပေးသောဌာနဟူ၍ရှိပြီး ဝင်ငွေရှာဖွေပေးရသော ဌာနများအနေဖြင့်လည်း မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်ရန်လိုပြီး အခွန်အခမှစ၍ ဝင်ငွေရလုပ်ငန်းများအား အပြည့်အဝရရှိရေး တိကျမှန်ကန်စွာ ဆောင်ရွက်သွားရန်လိုသလို မလိုအပ်ဘဲ အသုံးစရိတ်များခြင်း၊ ပြုန်းတီးခြင်းမရှိအောင်လည်း စိစစ်သုံးစွဲကြရမှာဖြစ်ကြောင်း။
- ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်မှုတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် မဖြစ်မနေလိုအပ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အဆင့်ဆင့်ဖွဲ့စည်းကာ ညှိနှိုင်းရေးကော်မတီအနေဖြင့် သက်ဆိုင်ရာပါတီများ၊ NCA လက်မှတ်ရေးထိုးပြီးနှင့် ရေးထိုးရန်ညှိနှိုင်းဆဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

- ရှမ်းပြည်နယ်သည် အိမ်နီးချင်းနိုင်ငံတို့နှင့်ထိစပ်သော နယ်နိမိတ်များရှိ၍ ဌာနအကြီးအကဲများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမထိခိုက်စေရန်နှင့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁ ပါ နိုင်ငံခြားရေးမူဝါဒကို သိရှိလိုက်နာရန်လိုကြောင်း။
- ရှမ်းပြည်နယ်အနေဖြင့် နိုင်ငံတော်၏စီးပွားရေးကို အဓိကအထောက်အကူပြုသည့် ပြည်နယ်ဖြစ်အောင် ဖော်ဆောင်နိုင်ရေးအတွက် ဌာနဆိုင်ရာများအားလုံး စုပေါင်းညီညာစွာဖြင့် မဆုတ်မနစ်ကြိုးစားသွားကြရန်လိုကြောင်း ပြောကြားခဲ့။

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၉-၄-၂၀၂၂)**

- **ရှမ်းပြည်နယ်၏ မြေအသုံးချမှုတွင် မြေဧက ၃၈ ဒသမ ၅ သန်းကျော်အနက် အသားတင်စိုက်ပျိုးမြေမှာ ၃ ဒသမ ၁ သန်းဧကကျော်ရှိ၍ ၁၀ ရာခိုင်နှုန်းခန့်သာရှိသဖြင့် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်လို။**
- **ကုန်စည်ထုတ်လုပ်ရာတွင် ကုန်ကြမ်းရောင်းချခြင်းထက် နည်းပညာဖြင့်ကြိုးဆ၍ တန်ဖိုးမြှင့်ထွက်ကုန်(Value added) ရရှိရန်ကြိုးစားရမည်ဖြစ်။**
- **ရှမ်းပြည်နယ်သည် အိမ်နီးချင်းနိုင်ငံတို့နှင့်ထိစပ်သော နယ်နိမိတ်များရှိ၍ ဌာနအကြီးအကဲများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မထိခိုက်စေရန်နှင့် နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁ ပါ နိုင်ငံခြားရေးမူဝါဒကို သိရှိလိုက်နာရန်လို။**
- **ရှမ်းပြည်နယ်အနေဖြင့် နိုင်ငံတော်၏စီးပွားရေးကို အဓိကအထောက်အကူပြုသည့် ပြည်နယ်ဖြစ်အောင် ဖော်ဆောင်နိုင်ရေးအတွက် ဌာနဆိုင်ရာများအားလုံး စုပေါင်းညီညာစွာဖြင့် မဆုတ်မနစ်ကြိုးစားသွားကြရန်လို။**

# ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် တို့သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ





ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့သည် တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms.Andrea Marie Faulkner ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဧည့်ခန်းမတို့၌ အသီးသီးလက်ခံတွေ့ဆုံခဲ့ပါသည်။

- ဧပြီလ ၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။
- ဧပြီလ ၆ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် သံအမတ်ကြီး တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဆောင်ရွက်ခဲ့သည့် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ဒေသတွင်းအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများနှင့်အတူ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၄-၂၀၂၂)**

- **ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**
- **နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ၍ သံအမတ်ကြီးတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဆောင်ရွက်ခဲ့သည့် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ဒေသတွင်းအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးနေမှု

မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီး H.E. Mr. Vinay Kumar အား ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက သီးခြားစီလက်ခံတွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်-

- ဧပြီလ ၇ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ အခြားကဏ္ဍများနှင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- ဧပြီလ ၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးဌာနများအကြား စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်နိမိတ်မှတ်တိုင်များဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- ဧပြီလ ၆ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- ဧပြီလ ၆ ရက်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ အိန္ဒိယနိုင်ငံ၏အကူအညီဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လမ်းတံတား၊



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးနေမှု**

ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၏အောင်မြင်ဖြစ်ထွန်းမှု ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- ဧပြီလ ၇ ရက်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ဘဏ္ဍာရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုကိစ္စရပ်များ၊ အိန္ဒိယဈေးငွေများဖြင့် ဆောင်ရွက်နေသည့်စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုများ၊ နှစ်နိုင်ငံကုန်သွယ်မှုတွင် ရူပီး/ကျပ် ငွေကြေးများဖြင့် ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- ဧပြီလ ၆ ရက်တွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားရေးအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများပံ့ပိုးရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့။
- ဧပြီလ ၈ ရက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းအကောင်အထည်ဖော်ရေး၊ ရထားလမ်းကွန်ရက် အဆင့်မြှင့်တင်ရေး၊ ကုန်းလမ်းဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။
- ဧပြီလ ၆ ရက်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းဆိုင်ရာကိစ္စရပ်များ၊ ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။
- ဧပြီလ ၇ ရက်တွင် ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တွေ့ဆုံရာတွင် အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် ဆရာအတတ်ပညာကဏ္ဍများရှိ ဆရာ/ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေးကိစ္စရပ်များ၊ ဆရာ/ဆရာမ၊ ကျောင်းသား/သူ ပညာတော်သင်များတိုးမြှင့်ခေါ်ယူနိုင်ရေးကိစ္စရပ်များ၊ ပညာရေးနှင့်နည်းပညာစသည့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- ဧပြီလ ၆ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံလုံး၌ ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကူးစက်မြန်ရောဂါများ စောင့်



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးနေမှု

ကြပ်ကြည့်ရှုရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အသည်းအစားထိုးခွဲစိတ်ခြင်းများကဲ့သို့သော အဆင့်မြင့်ဆေးပညာပိုင်းဆိုင်ရာသင်တန်းများ သင်ကြားနိုင်ရေးနှင့် ဆေးပညာရပ်ဆိုင်ရာသုတေသနလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- ဧပြီလ ၇ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့်တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံလမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဖြစ်ပေါ်တိုးတက်မှုများ၊ အိန္ဒိယနိုင်ငံအကူအညီဖြင့်ဆောင်ရွက်သော ယာကြီး-ကလေးဝလမ်းအပိုင်းအား နှစ်လမ်းသွားလမ်းအဆင့်မြှင့်တင်ခြင်း၊ တမူးနယ်စပ်၌ အဆင့်မီဘက်ပေါင်းစုံစစ်ဆေးရေးဂိတ်တည်ဆောက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

အဆိုပါ တွေ့ဆုံပွဲများတွင် ပြည်ထောင်စုဝန်ကြီးများက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး တွေ့ဆုံပွဲများသို့ မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၈-၄-၂၀၂၂)

- **မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီး H.E. Mr. Vinay Kumar အား ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက သီးခြားစီလက်ခံတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့။**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးနေမှု



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးနေမှု



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးနေမှု



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးနေမှု



ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးနေမှု



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးနေမှု



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးနေမှု




ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးနေမှု

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တွေ့ဆုံဆွေးနွေး

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီလ ၆ ရက်တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စများနှင့် နိုင်ငံရေးပါတီအစုအဖွဲ့၏ အလုပ်အဖွဲ့မှ အဆိုပြုသည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြင်ဆင်လိုသည့်အချက်များအား အလွတ်သဘောဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၄-၂၀၂၂)**



**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တွေ့ဆုံဆွေးနွေးနေမှု**

- **အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ တွေ့ဆုံ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စများနှင့် နိုင်ငံရေးပါတီအစုအဖွဲ့၏ အလုပ်အဖွဲ့မှ အဆိုပြုသည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြင်ဆင်လိုသည့်အချက်များအား အလွတ်သဘောဆွေးနွေးခဲ့။**

## Virtual အစီအစဉ်ဖြင့်ကျင်းပသည့် (၂၆)ကြိမ်မြောက်အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဧပြီလ ၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် Virtual စနစ်ဖြင့် ကျင်းပသည့် (၂၆)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ (၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့်ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ခဲ့ပါသည်။ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးပြောကြားခဲ့ရာတွင်-

- ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် တစ်နိုင်ငံချင်းအလိုက်သော်လည်းကောင်း၊

အာဆီယံဒေသအလိုက်သော်လည်းကောင်း တုံ့ပြန်ဆောင်ရွက်ကြသကဲ့သို့ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည့် နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း တုံ့ပြန်ဆောင်ရွက်လျက်ရှိကြောင်း။

- ASEAN Framework Agreement on Service နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ဆောင်မှုများ ဖြေလျှော့ပေးရေးဆိုင်ရာ နဝမအကျော့ ကတိကဝတ်များ အတည်ပြုသတ်မှတ်နိုင်ရေးလုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံမှလည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။
- ယခုနှစ်တွင် နိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်းကျဆင်းလာမှု၊ ကာကွယ်ဆေးထိုးနှံမှုနှုန်းမြင့်တက်လာမှု၊ ယခင်ကထက် ပိုမိုတည်ငြိမ်လာမှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမှုတို့ကြောင့် ယခုဘဏ္ဍာရေးနှစ်တွင် သင့်တင့်သော စီးပွားရေးတိုးတက်မှုနှုန်းရရှိလာမည်ဟု မျှော်လင့်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

အဆိုပါအစည်းအဝေးနှင့်အတူ ဆက်စပ်အစည်းအဝေးများအဖြစ် အာဆီယံဘဏ္ဍာရေးနှင့်ဗဟိုဘဏ်အကြီးအကဲများနှင့် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ကြသည့် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာရှအခြေခံအဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှုဘဏ်၊ အာဆီယံ+၃ မက်ခရို စီးပွားရေးသုတေသနရုံးတို့နှင့် အစည်းအဝေး၊ ASEAN Business Advisory Council နှင့် US –ASEAN Business Council, EU–ASEAN Business Council တို့နှင့် အစည်းအဝေးများကိုလည်း ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အာဆီယံအတွင်းရေးမှူးချုပ်၊ နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၄-၂၀၂၂)**

- **ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် Virtual စနစ်ဖြင့် ကျင်းပသည့် (၂၆)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ (၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တက်ရောက်ခဲ့။**
- **ASEAN Framework Agreement on Service နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ဆောင်မှုများ ဖြေလျှော့ပေးရေးဆိုင်ရာ နဝမအကျော့ ကတိကဝတ်များ အတည်ပြုသတ်မှတ်နိုင်ရေးလုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံမှလည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းဆွေးနွေးပြောကြားခဲ့။**
- **နိုင်ငံတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်းကျဆင်းလာမှု၊ ကာကွယ်ဆေး ထိုးနှံမှုနှုန်းမြင့်တက်လာမှု၊ ယခင်ကထက် ပိုမိုတည်ငြိမ်လာမှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများတိုးမြင့်လာမှုတို့ကြောင့် ယခုဘဏ္ဍာရေးနှစ်တွင် သင့်တင့်သောစီးပွားရေးတိုးတက်မှုနှုန်းရရှိလာမည်ဟု မျှော်လင့်ကြောင်း ဆွေးနွေးပြောကြားခဲ့။**

## PDF အကြမ်းဖက်သမားများက မြို့နယ်အချို့၌ ပညာရေးအဆောက်အဦများ၊ ဆေးရုံနှင့် အုပ်ချုပ်ရေးမှူးရုံးတို့အား မိုင်းထောင်ဖောက်ခွဲခြင်းများပြုလုပ်

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် အစိုးရအုပ်ချုပ်ရေးယန္တရားများရပ်တန့်စေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ ပညာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများနှင့် အစိုးရဝန်ထမ်းများအား ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အနာဂတ်လူငယ်များ၏ ပညာသင်ကြားမှုကို အဟန့်အတားဖြစ်စေရန်အတွက် ပညာရေးအဆောက်အဦများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် လူမဆန်သည့်အကြမ်းဖက်လုပ်ရပ်များကို မြို့နယ်အချို့၌ လုပ်ဆောင်လျက်ရှိပါသည်-

- ဧပြီလ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲ့ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(အုန်းနဲ့) ရှေ့၌ PDF အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်း ၁ လုံးပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါ



**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအနီး၌ လက်လုပ်မိုင်း ၃ လုံး တွေ့ရှိမှု**



**ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲ့အခြေခံပညာအထက်တန်းကျောင်းအနီး၌ လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲ၍ အမျိုးသား ၁ ဦး ဒဏ်ရာရရှိမှု**

နေရာအနီးရောက်ရှိနေသူ ဦးဇော်မင်းထိုက်(၃၄)နှစ်တွင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့။

- ဧပြီလ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအနီး၌ မသင်္ကာအထုပ်များအား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ကျောင်းဝင်ပေါက်အနီးမှ မသင်္ကာဖွယ်အထုပ် ၂ ထုပ်နှင့် လမ်းတစ်ဘက်ခြမ်းမှ မသင်္ကာဖွယ်အထုပ် ၁ ထုပ်တို့ကို တွေ့ရှိရပြီး အထုပ်များအတွင်းမှ လက်လုပ်မိုင်း ၃ လုံး အားတွေ့ရှိခဲ့ရကာ ၎င်းတို့ကို သက်မဲ့ပြုလုပ်ရှင်းလင်းခဲ့။
- ဧပြီလ ၆ ရက်တွင် ကောလင်းမြို့၊ မြောက်အင်းရပ်ကွက်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့အား PDF အကြမ်းဖက်သမားများက ၄၀ မမ ဗုံးပစ်လောင်ချာဖြင့် ၃ ချက် ပစ်ခတ်ခဲ့သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာအဆောက်အဦအချို့ ထိခိုက်ပျက်စီးခဲ့ပြီး ဆေးရုံဝန်းအတွင်းရှိ ဝန်ထမ်းတစ်ဦးဖြစ်သော ဦးထည်ဝါဦး (၂၈)နှစ်တွင် ယာလက်ဖျံ၊ ယာပေါင်နှင့် ယာခြေသလုံးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့။

အထက်ပါအကြမ်းဖက်မှုများကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်သမားများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၈-၄-၂၀၂၂)**

- **ကဝမြို့နယ်၊ အုန်းနဲ့ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(အုန်းနဲ့)ရှေ့၌ PDF အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲခဲ့ရာ ပေါက်ကွဲမှုကြောင့် အဆိုပါနေရာအနီးရောက်ရှိနေသူ အမျိုးသား ၁ ဦးတွင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့။**
- **ရွှေပြည်သာမြို့နယ်၊ အ.ထ.က(၃)ကျောင်းအနီး၌ မသင်္ကာအထုပ်များအား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းဝင်ပေါက်အနီးမှ မသင်္ကာဖွယ်အထုပ် ၂ ထုပ်နှင့် လမ်းတစ်ဘက်ခြမ်းမှ မသင်္ကာဖွယ်အထုပ် ၁ ထုပ်တို့ကို တွေ့ရှိရပြီး အထုပ်များအတွင်းမှ လက်လုပ်မိုင်း ၃ လုံး အားတွေ့ရှိခဲ့ရကာ ၎င်းတို့ကို သက်မဲ့ပြုလုပ်ရှင်းလင်းခဲ့။**
- **ကောလင်းမြို့ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့အား PDF အကြမ်းဖက်သမားများက ၄၀ မမ ဖုံးပစ်လောင်ချာဖြင့် ၃ ချက်ပစ်ခတ်ခဲ့သဖြင့် အဆောက်အဦအချို့ ထိခိုက်ပျက်စီးခဲ့ပြီး ဆေးရုံးဝင်းအတွင်းရှိ အမျိုးသား ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့။**

## ကလေးဝမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းအား နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံး

အစွန်းရောက်အကြမ်းဖက်သောင်းကျန်းသူများသည် အပြစ်မဲ့ခရီးသွားပြည်သူလူထုအား ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် ဒေသတွင်းလမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်စေရန်နှင့် တရားဥပဒေစိုးမိုးရေးထိခိုက်ပျက်ပြားစေရန်ရည်ရွယ်၍ အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ အထက်စသာကျေးရွာနေ ဦးစိုးရာဇာ(၂၉)နှစ်တို့ မိသားစုဝင် ၇ ဦး လိုက်ပါလာသည့် Honda Fit ယာဉ်သည် ဧပြီလ ၅ ရက်တွင် ကလေးဝ-ယာကြီးကားလမ်းအတိုင်း မင်းကင်းမြို့မှ ကလေးမြို့သို့ ထွက်ခွာလာစဉ် ကလေးဝမြို့နယ်၊ သဲကြမ်းကျေးရွာအနီးသို့အရောက် PDF အကြမ်းဖက်သမားများ ထောင်ထားသည့်လက်လုပ်မိုင်း ၁ လုံး နင်းမိပေါက်ကွဲခဲ့ပါသည်။ လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဦးစိုးရာဇာအပါအဝင် ၅ ဦးတို့သည် မိုင်းစထိမှန်ဒဏ်ရာများကြောင့် နေရာတွင်သေဆုံးခဲ့ပြီး အမျိုးသား ၁ ဦးတွင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး ကလေးမြို့နယ်၊ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း၊ မမိုးစန္ဒာမြင့်မှာ ပျောက်ဆုံးလျက်ရှိကြောင်းနှင့် မိုင်းထိမှန်မှုကြောင့် မော်တော်ယာဉ်မှာ ကြေမွပျက်စီးသွားကြောင်း သိရှိရပါသည်။

ဖြစ်စဉ်မှ အပြစ်မဲ့ခရီးသွားပြည်သူများအား မိုင်းထောင်ဖောက်ခွဲခဲ့သူ အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၇-၄-၂၀၂၂)**

- **ကလေးဝမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့များထောင်ထားသည့် လက်လုပ်မိုင်းအား နင်းမိပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူ ၅ ဦးသေဆုံး၊ အမျိုးသား ၁ ဦး ဒဏ်ရာရ၍ အမျိုးသမီး ၁ ဦး ပျောက်ဆုံးခဲ့။**
- **အစွန်းရောက်အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ခရီးသွားပြည်သူလူထုများအား ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်၍ တရားဥပဒေစိုးမိုးမှုအား ထိခိုက်ပျက်ပြားစေရန်ရည်ရွယ်၍ အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်လျက်ရှိ။**



**စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ PDF အကြမ်းဖက်အဖွဲ့များထောင်ထားသည့် လက်လုပ်မိုင်းအား နင်းမိပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်ပျက်စီးမှု**





**စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ PDF အကြမ်းဖက်အဖွဲ့များထောင်ထားသည့် လက်လုပ်မိုင်းအား နင်းမိပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိကာ သေဆုံးနေသူများ**

---

## နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်ဖောက်ခွဲမှုများ ဆောင်ရွက်လျက်ရှိသည့်တရားခံများအား လက်နက်/ခဲယမ်း များနှင့်အတူ ဖမ်းဆီးရမိ

နိုင်ငံတော်အစိုးရအနေဖြင့် CRPH NUG နှင့် PDF အကြမ်းဖက်အဖွဲ့များမှ ပြည်သူလူထုအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထု ပိုင်အဆောက်အဦများအား အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များအား ဆောင်ရွက်နိုင်မှုမရှိစေရေးဖော်ထုတ်ဖမ်းဆီးခြင်းများအား နေ့/ည မပြတ်ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၅ ရက်နှင့် ၆ ရက်တို့တွင် တပ်ကုန်းမြို့နယ်၌ ထွန်းထွန်းဝင်း(ခ)ပျံလွှား(ခ)ယံလေး (၄၃)နှစ်ပါ အမျိုးသား ၄ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၆ ဦးတို့အား ပစ္စတို ၁ လက်၊ ကျည်အိမ် ၁ ခု၊ ၉ မမ ကျည် ၇၅ တောင့်၊ ဒီတိုနေတာ ၄၃၈ ခု၊ လက်လုပ်မိုင်း ၃၄ လုံး၊ ယမ်းကြိုး ၆ ခွေ၊ ယမ်းစိမ်း ၁ ထုပ်နှင့် လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသောဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများသည် CRPH NUG နှင့် PDF အကြမ်းဖက်အဖွဲ့များ၏စေခိုင်းမှုဖြင့် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှု



**၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ ရက်တွင် တပ်ကုန်းမြို့နယ်၊ ညောင်လွန့်ကျေးရွာရှိ အထက(ညောင်လွန့်)ကျောင်းဝင်း ခြံစည်းရိုးအပြင်ဘက်၌ လက်လုပ်ဗုံးပေါက်ကွဲမှု**

ဖြစ်စေရန်ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှုများကျူးလွန်ခဲ့ရာ-

- ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံးအား လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခဲ့။
- ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်တွင် တပ်ကုန်း PDF အကြမ်း ဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံညီညီဝင်း၏ စေခိုင်းမှုအရ တပ်ကုန်းမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးအား လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခဲ့။
- ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်ရှိ ထရန်စဖော်မာအား လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခဲ့။
- ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် တပ်ကုန်းမြို့နယ်၊ ရွှေမြို့ကျေးရွာအုပ်စု၊ ထန်းတောကြီးကျေးရွာရှိ အုပ်ချုပ်ရေးမှူး၏နေအိမ်အား လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခဲ့။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ ညီညီဝင်း၏စေခိုင်းမှုအရ တပ်ကုန်းမြို့နယ်၊ ညောင်လွန့်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ညောင်လွန့်) ရှေ့၌ လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခဲ့။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၄-၂၀၂၂)**

- **နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်ဖောက်ခွဲမှုများ ဆောင်ရွက်လျက်ရှိသည့် တရားခံ ၇ ဦးအား ပစ္စတို ၁ လက်၊ ကျည်အိမ် ၁ ခု၊ ၉ မမ ကျည် ၇၅ တောင့်၊ ဒီတိုနေတာ ၄၃၈ ခု၊ လက်လုပ်မိုင်း ၃၄ လုံး၊ ယမ်းကြိုး ၆ ခွေ၊ ယမ်းစိမ်း ၁ ထုပ်နှင့် လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသောဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့။**
- **ဖမ်းဆီးရမိတရားခံများသည် CRPH NUG နှင့် PDF အကြမ်းဖက်အဖွဲ့များ၏စေခိုင်းမှုဖြင့် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်ရည်ရွယ်၍ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု ၅ ကြိမ် ကျူးလွန်ခဲ့။**





၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် တပ်ကုန်းမြို့နယ်၊ ရွှေမြို့ကျေးရွာအုပ်စု၊ ထန်းတောကြီးကျေးရွာရှိ အပြစ်မဲ့ပြည်သူ ၁ ဦး၏ နေအိမ်၌ လက်လုပ်ဗုံးတွေ့ရှိမှု



တပ်ကုန်းမြို့နယ် ဘူတာရွာရှိ တရားခံထွန်းထွန်းနောင်၏နေအိမ်၌ သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ



တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်ရှိ တရားခံထက်လွင်၏နေအိမ်၌ သိမ်းဆည်းရမိသည့် ခဲယမ်းများ





တပ်ကုန်းမြို့နယ်၊ ပင်းစုကျေးရွာရှိ တရားခံထွန်းထွန်းဝင်းနေအိမ်၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်း ဖောက်ခွဲရေးပစ္စည်းများ



၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံးအတွင်း၌ လက်လုပ်ဗုံးပေါက်ကွဲမှု




၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်ရှိ ထရန်စဖော်မာ၌ လက်လုပ်ဗုံးတွေ့ရှိမှု



၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် တပ်ကုန်းမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးအနီး၌ လက်လုပ်ဗုံးပေါက်ကွဲမှု

## နေပြည်တော်ကောင်စီနယ်မြေအတွင်း PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိမှု




## PDF အကြမ်းဖက်သမားများက ကျေးရွာအတွင်းရှိ ပြည်သူများ၏နေအိမ်များအား မီးရှို့ဖျက်ဆီး၍ မိဘမဲ့ဂေဟာမှ စေတနာ့ဝန်ထမ်းဆရာမတစ်ဦးအား သေနတ်ဖြင့်ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်

ဧပြီလ ၆ ရက်တွင် စစ်ကိုင်းမြို့နယ်၊ ညောင်ငုတ်တို ကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများက ဝင်ရောက်၍ ပြည်သူများ၏နေအိမ်များအား မီးရှို့ဖျက်ဆီးနေကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျေးရွာအဝင်သို့ရောက်ရှိစဉ် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်မိုင်း ၁၀ လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် ညောင်ငုတ်တိုကျေးရွာ၏ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပါ သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်း ဝင်ရောက်၍ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့်နေအိမ်များအား ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း နေအိမ် ၁၃ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပါသည်။ ထို့ပြင် အဆိုပါကျေးရွာရှိ “သစ္စာရွှေဂူ” ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် “မေတ္တာရိပ်” မိဘမဲ့ဂေဟာရှိ မိဘမဲ့ကလေးများအား စာသင်ကြားပေးနေ



**PDF အကြမ်းဖက်သမားများက ကျေးရွာအတွင်းရှိနေအိမ်များအား မီးရှို့ဖျက်ဆီးထားမှု**

သည့် စေတနာ့ဝန်ထမ်းဆရာမ ဒေါ်ဟေမာ(၄၈)နှစ်သည် အကြမ်းဖက်သမားများ၏သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ရင်အုံကျည်ထိမှန်ဒဏ်ရာ ၂ ချက်၊ ဆီးခုံကျည်ထိမှန်ဒဏ်ရာ ၂ ချက်၊ ဝမ်းဗိုက်နှင့် ညာဒူးတို့တွင် ကျည်ထိမှန်ဒဏ်ရာတစ်ချက်စီရရှိကာ သေဆုံးခဲ့ကြောင်းနှင့် "သစ္စာရွှေဂူ" ဘုန်းတော်ကြီးကျောင်းအတွင်း၌ သံဃာတော် ၄ ပါး၊ သာမဏေ ၁၀ ပါး၊ ဆရာ၊ ဆရာမ ၁၇ ဦး၊ ကလေးငယ် ၆၄ ဦးနှင့် ကိုယ်ဝန်ဆောင် ၁ ဦးတို့ကို တွေ့ရှိရပြီး ကျေးရွာနေပြည်သူ အချို့မှာ အကြမ်းဖက်သမားများ၏ အန္တရာယ်ကို ကြောက်ရွံ့၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြကြောင်း သိရှိရပါသည်။

PDF အကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန် ရည်ရွယ်၍ နေရာဒေသအချို့၌ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့်အပြင် ၎င်းတို့ကို မထောက်ခံသည့် ကျေးရွာသူ/ ကျေးရွာသားများကို ညှင်းပန်းနှိပ်စက်ခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည့်အတွက် ပြည်သူများအနေဖြင့် အကြမ်းဖက်သမားများအား အမြန်ဆုံးအမြစ်ပြတ်စေလိုသည့် ဆန္ဒများဖြစ်ပေါ်လျက်ရှိပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်း ကျန်ရှိသည့် ဆရာတော်၊ သံဃာတော်များအပါအဝင် ပြည်သူလူထုများအား ညောင်ငုတ်တိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ယာယီနေရာချထားပေးပြီး ၎င်းတို့၏လုံခြုံရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၈-၄-၂၀၂၂)**

- **PDF အကြမ်းဖက်သမားများက စစ်ကိုင်းမြို့နယ်၊ ညောင်ငုတ်တိုကျေးရွာအတွင်းရှိ ပြည်သူများ၏နေအိမ်များအား မီးရှို့ဖျက်ဆီး၍ မိဘမဲ့ဂေဟာမှ စေတနာ့ဝန်ထမ်း ဆရာမတစ်ဦးအား သေနတ်ဖြင့်ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့။**
- **အဆိုပါကျေးရွာရှိ "သစ္စာ ရွှေဂူ" ဘုန်းတော်ကြီးကျောင်း၌ သံဃာတော် ၄ ပါး၊ သာမဏေ ၁၀ ပါး၊ ဆရာ၊ ဆရာမ ၁၇ ဦး၊ ကလေးငယ် ၆၄ ဦးနှင့် ကိုယ်ဝန်ဆောင် ၁ ဦးတို့ကို တွေ့ရှိရပြီး ကျေးရွာနေပြည်သူအချို့မှာ အကြမ်းဖက်သမားများ၏အန္တရာယ်ကို ကြောက်ရွံ့၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိ။**



**PDF အကြမ်းဖက်သမားများက ကျေးရွာအတွင်းရှိနေအိမ်များအား မီးရှို့ဖျက်ဆီးထားမှု**



**PDF အကြမ်းဖက်သမားများ၏ အန္တရာယ်ကို ကြောက်ရွံ့၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြသည့် ကျေးရွာနေပြည်သူအချို့ကို တွေ့ရစဉ်**



**PDF အကြမ်းဖက်သမားများ၏ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့သည့် စေတနာ့ဝန်ထမ်းဆရာမ ဒေါ်ဟေမာ**

# တန့်ဆည်မြို့နယ်၊ ရေဦး-တန့်ဆည်ကားလမ်းပေါ်၌ ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည့် ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သောNUG လက်အောက်ခံ PDF အကြမ်းဖက်သမားများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးစ ရပ်များအား ဖုံးခွဲတိုက်ခိုက်ခြင်း၊ ကိုဗစ်-၁၉ ကုသရေးဆေးရုံနှင့် စင်တာများအား နှောင့်ယှက်ဖျက်ဆီးခြင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး သယ်ဆောင်လာသည့်ယာဉ်များအား မိုင်းဆွဲ တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။

ဧပြီလ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့၊ ရေဦး-တန့်ဆည်သွား ကားလမ်းမကြီးပေါ် တပင်ရွှေထီး လမ်းဆုံနှင့် ရွှေဥယျာဉ်စားသောက်ဆိုင်ရှေ့၌ ကျန်းမာရေးဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ခရီးသွားပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှုအားစိစစ်၍ ကာကွယ်ဆေးမထိုးနှံရသေးသည့် ပြည်သူများအား ကာကွယ်ဆေး ထိုးပေးခြင်းများကို ဆောင်ရွက်ပေးနေစဉ် ကာကွယ်ဆေးထိုး ပေးသည့်နေရာ၏ တောင်ဘက် ၄၅ ကိုက်ခန့်အကွာ လမ်း၏ ယာဘက်မှ အကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကာကွယ်ဆေးထိုးနှံပေးသည့်အဖွဲ့မှ ဌာနဆိုင်ရာဝန်ထမ်း ၃ ဦး ၏မျက်နှာ၊ လက်နှင့် ရင်ဘတ်တို့တွင် ပေါက်ကွဲစထိမှန်ဒဏ်ရာ အချို့ရရှိခဲ့ကာ ကာကွယ်ဆေးထိုးနှံသည့်အဖွဲ့ စီးနင်းလာသည့် မော်တော်ယာဉ်တစ်စီး၏ ဝဲဘက်တံခါးမှန်တစ်ချပ် ကွဲအက်ပျက်စီးခဲ့ပါသည်။

NUG အဖွဲ့၏စေခိုင်းချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် ကိုဗစ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဧပြီလ ၁၀ ရက်အထိ ကိုဗစ်-၁၉ ရောဂါကုသပေးနေသည့် ဆေးရုံများ၊ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစင်တာများ၊ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေသည့်နေရာများ၊ အောက်ဆီဂျင်အခမဲ့ဖြန့်ဝေပေးနေသည့်နေရာများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပစ္စည်း သယ်ဆောင်လာသည့်ယာဉ်များနှင့် လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်များအား နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှု ၃၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလာရောက်ထိုးနှံသည့် အပြစ်မဲ့ပြည်သူများ ၃၃ ဦး သေဆုံး၍ ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၀-၄-၂၀၂၂)**

- **ဧပြီလ ၈ ရက်တွင် တန့်ဆည်မြို့နယ်၊ ရေဦး-တန့်ဆည်ကားလမ်းပေါ်၌ ခရီးသွားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည့် ကျန်းမာရေးဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့အား အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကာကွယ်ဆေးထိုးနှံသည့်အဖွဲ့မှ ဝန်ထမ်း၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မော်တော်ယာဉ်တစ်စီးပျက်စီးခဲ့။**

# မြို့နယ်အချို့၌ အစ္စလာမ်ဘာသာဝင်များ၏ ရာမဒန်လမြတ်ကာလတွင် ဥပုသ်ဝင်ရောက်ကြသူများအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်လှူဒါန်း



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလာတောင်ညွန့်မြို့နယ် တခြမ်းပွဲဗလီနှင့် ပန်းပဲတန်းမြို့နယ် ကျူလီယာဂျာမေဗလီတို့၌ ရာမဒန်လမြတ်ကာလတွင် ဥပုသ်ဝင်ရောက်ကြသူများအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်လှူဒါန်းနေမှု**

ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အစ္စလာမ်ဘာသာဝင်များ၏ ရာမဒန်လမြတ်ကာလတွင် ဥပုသ်ဝင်ရောက်ကြသူများအတွက် စားသောက်ဖွယ်ရာများကို သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်လှူဒါန်းလျက်ရှိရာ-

- ဧပြီလ ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ဂျွန်းဗလီအစ္စလာမ်ဘုရားရှိခိုးကျောင်းတွင် ဥပုသ်ဝင်ရောက်သူ ၃၃၀ ဦးတို့အတွက် စားသောက်ဖွယ်ရာများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများကလည်းကောင်း။
- ဧပြီလ ၉ ရက်နှင့် ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် တခြမ်းပွဲဗလီနှင့် ပန်းပဲတန်းမြို့နယ် ကျူလီယာဂျာမေဗလီတို့၌ ဥပုသ်ဝင်ရောက်သူ ၄၇၀ ဦး၊ တရားပေးဆရာ ၁၄ ဦး၊ ဗလီအကျိုးတော်ဆောင်အဖွဲ့အဖွဲ့ဝင် ၁၃ ဦးတို့အတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများကလည်းကောင်း အသီးသီးသွားရောက်ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၄-၂၀၂၂)**





ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ချမ်းအေးသာစံမြို့နယ်၊ ဂွန်းဗလီအစ္စလာမ်ဘုရားရှိခိုးကျောင်း၌ ရာမဒန်လမြတ်ကာလတွင် ဥပုသ်ဝင်ရောက်ကြသူများအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်လှူဒါန်းနေမှု

- ဧပြီလ ၈ ရက်မှ ၁၀ ရက်ထိ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပန်းပဲတန်းမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ရှိ အစ္စလာမ်ဘာသာဝင်များ၏ ရာမဒန်လမြတ်ကာလတွင် ဥပုသ်ဝင်ရောက်ကြသူများအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို သွားရောက်ပေးအပ်လှူဒါန်းခဲ့။